

PHOTO: UNHCR

# CHAPTER 10 • 2015
# GENDER-BASED VIOLENCE

ဤအခန်းများတွင် သုံးစွဲထားသော စခန်းဟူသည့် အသုံးအနှုန်းသည် စခန်းများနှင့် စခန်းကဲ့သို့သော နေရာအမျိုးမျိုးကို ရည်ညွှန်းခြင်းဖြစ်ပြီး စနစ်တကျတည်ထောင်ထားသော စခန်းများ၊ နေရပ်စွန့်ခွာလာသူများ ကိုယ်တိုင် စုဝေးတည်ထောင်သော စခန်းများ၊ စုစည်းနေထိုင်ရာ နေရာများ၊ ယာယီစခန်းများနှင့် ကယ်ဆယ် ရေးစခန်းများ ပါဝင်ပါသည်။

## အဓိကအချက်အလက်များ

- စခန်းရှိ ထိခိုက်လွယ်သော အုပ်စုများအားလုံးအပေါ် ကျားမလူမှုကဏ္ဍ ကွဲပြားမှုကို အခြေခံသည့် အကြမ်းဖက်မှု (gender-based violence - GBV) အန္တရာယ် ဖြစ်နိုင်ခြေများအား အနည်းဆုံးဖြစ်အောင် လျော့ချပေးနိုင်မည့် အခြေအနေများကို စခန်းတွင်း၌ ဖန်တီးပေးရန် စခန်းစီမံခန့်ခွဲမှုအေဂျင်စီတွင် တာဝန်ရှိပါသည်။
- ကျားမလူမှုကဏ္ဍ ကွဲပြားမှုကို အခြေခံသည့် အကြမ်းဖက်မှုများအား ကြိုတင်ကာကွယ်မှုနှင့် စောင့်ရှောက် ကုသပေးမှုတို့ကို ထိရောက်စွာ ဆောင်ရွက်ပေးနိုင်ရန်အတွက် စခန်းအခြေအနေတွင် ထိခိုက်လွယ်သော အုပ်စု များမှ ရင်ဆိုင်နေရသည့် အန္တရာယ်ဖြစ်နိုင်ခြေများနှင့် အကြောင်းရင်းများကို ပြည့်စုံစွာ နားလည်သဘောပေါက် ရန် အရေးကြီးပါသည်။ အကြမ်းဖက်မှုများကို တွေ့ကြုံခံစားခဲ့ရသူအများစုသည် အမျိုးသမီးများနှင့် မိန်းကလေး ငယ်များ ဖြစ်ကြသော်လည်း အမျိုးသားများနှင့် ယောကျ်ားလေးများသည်လည်း လိင်မှုဆိုင်ရာအကြမ်းဖက်မှု အပါအဝင် GBV ကို တွေ့ကြုံ ခံစားကြရပါသည်။
- စီမံခန့်ခွဲမှု၊ ကူညီထောက်ပံ့မှုနှင့် ဝန်ဆောင်မှုပေးခြင်းများသည် GBV ဖြစ်နိုင်ခြေများကို လျော့ချနိုင်ပြီး GBV အား ဖလှေ့ထုံးတမ်းနှင့်အညီ အချိန်မီ တုံ့ပြန်ကူညီစောင့်ရှောက်ပေးနိုင်ရန်အတွက် စခန်းတွင်းရှိ ဆုံးဖြတ်ချက်ချမှတ်မှု လုပ်ငန်းစဉ်များတွင် အမျိုးသမီးများအား အဓိပ္ပါယ်ပြည့်ဝစွာ ပါဝင်ဆောင်ရွက်စေခြင်းနှင့် တိုင်ပင်ဆွေးနွေးခြင်း တို့မှာ အဓိကကျပါသည်။ သို့မှသာ အန္တရာယ်ကျရောက်နိုင်ခြေအရှိဆုံးသူများကို ကာကွယ်စောင့်ရှောက် ပေးနိုင် မည် ဖြစ်ပါသည်။
- ပစ္စည်းဝေငှသော နေရာများ၊ လုံခြုံရေးစစ်ဆေးသော ဂိတ်များ၊ ရေနှင့် မိလ္လာအဆောက်အဦးနေရာများ၊ ဝန်ဆောင် မှုပေးရာဌာနများနှင့် ထိခိုက်လွယ်သောအုပ်စုများအတွက် အန္တရာယ်ကျရောက်နိုင်ခြေ ပိုမို မြင့်မားသော အခြား နေရာများတွင် စခန်းစီမံခန့်ခွဲမှုဝန်ထမ်းများသည် သွားရောက်ကြီးကြပ်စစ်ဆေးခြင်း သို့မဟုတ် လုံခြုံရေးအတွက် စာရင်းစစ်ခြင်းတို့ကို ပုံမှန်လုပ်ဆောင်သင့်ပြီးတစ်နေ့လျှင်အကြိမ်များများဆောင်ရွက်နိုင်လျှင်ပိုကောင်းပါသည်။၎င်းတို့၏လေ့လာတွေ့ရှိချက်များကို ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ မိတ်ဖက်များနှင့် လူသားချင်း စာနာမှုအဖွဲ့အစည်းများအား မျှဝေ အသိပေးသင့်ပါသည်။
- GBV အား ထိရောက်စွာ ကာကွယ်စောင့်ရှောက်ပေးနိုင်ရန်အတွက် ကဏ္ဍပေါင်းစုံ၊ အဖွဲ့အစည်းပေါင်းစုံ ပါဝင် ဆောင်ရွက်သော နည်းလမ်းကို အသုံးပြုရန် လိုအပ်ပါသည်။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် သင့်တော်သော ကျန်းမာရေးစောင့်ရှောက်မှုနှင့် လူမှုရေးနှင့် စိတ်ပိုင်းဆိုင်ရာပံ့ပိုးမှုများ ရရှိနိုင်ရန်အတွက် စောင့်ကြည့်စစ်ဆေးကာ အသိပေးရှင်းလင်းတိုက်တွန်းမှုများ ပြုလုပ်သင့်ပြီး ကာကွယ်စောင့်ရှောက်မှု၊ တုံ့ပြန်ဆောင်ရွက်မှုတို့နှင့်ဆိုင်သည့် သင့်လျော်သော သတင်း အချက်အလက်များကို ပံ့ပိုးပေးနိုင်အောင် ဆောင်ရွက်သင့်ပါသည်။
- စခန်းစီမံခန့်ခွဲမှုအေဂျင်စီဝန်ထမ်းများအား GBV ကိစ္စရပ်များကို ကောင်းစွာ နားလည်သဘောပေါက်ရန် လေ့ကျင့် သင်တန်းပေးကာ ကောင်းစွာ ပြင်ဆင်ပေးသင့်ပါသည်။ သို့မှသာ ၎င်းတို့၏ စခန်းတွင်း နေ့စဉ် လုပ်ငန်းတာဝန် များနှင့် လုပ်ဆောင်ချက်များအားလုံးတွင် ထည့်သွင်းစဉ်းစား အသုံးပြုနိုင်မည် ဖြစ်ပါသည်။

## မိတ်ဆက်

### ကျားမလူမှုကဏ္ဍကွဲပြားမှုကို အခြေခံသော အကြမ်းဖက်မှု (gender-based violence - GBV) ဆိုသည်မှာ အဘယ်နည်း

**ကျားမလူမှုကဏ္ဍကွဲပြားမှုကို အခြေခံသော အကြမ်းဖက်မှု (gender-based violence - GBV) ဆိုသည်မှာ အဘယ် နည်း**

"GBV ဆိုသည်မှာ လူမှုအသိုင်းအဝိုင်းမှ သတ်မှတ်ပြဋ္ဌာန်းထားသော အမျိုးသားနှင့် အမျိုးသမီးများကြား လူမှုကဏ္ဍ ကွဲပြားမှုများကို အခြေခံကာ လူတစ်ဦးတစ်ယောက်၏ စိတ်ဆန္ဒကို ဆန့်ကျင်လျက် ကျူးလွန်စော်ကားသော လုပ်ရပ်များ အားလုံးကို ခြုံငုံခေါ်ဝေါ်သော အသုံးအနှုန်းတစ်ခု ဖြစ်ပါသည်။ GBV အား ကျူးလွန်မှုသည် နိုင်ငံတကာ သဘော

တူညီချက်များနှင့် ကွန်ဗင်းရှင်းများမှ ကာကွယ်စောင့်ရှောက်ပေးထားသော အခြေခံ လူ့အခွင့်အရေးအချို့ကို ချိုးဖောက်ရာ ရောက်ပါသည်။ အားလုံးမဟုတ်သော်လည်း GBV ပုံစံ အများအပြားကို နိုင်ငံများ၏ ဥပဒေများနှင့် မူဝါဒများတွင် တရားမဝင်သော၊ ရာဇဝတ်မှု မြောက်သော လုပ်ရပ်များအဖြစ် သတ်မှတ်ကြပါသည်။

ကမ္ဘာတစ်ဝှမ်းတွင် GBV ကြောင့် အမျိုးသမီးများနှင့် မိန်းကလေးငယ်များမှာ အမျိုးသားများနှင့် ယောက်ျားလေးများထက် ပို၍ ထိခိုက်ခံစားရပါသည်။ ထို့ကြောင့် ကျားမလူမှုကဏ္ဍကွဲပြားမှုကို အခြေခံသော အကြမ်းဖက်မှု ဟူသည့် အသုံးအနှုန်းအား အမျိုးသမီးများအပေါ် အကြမ်းဖက်မှုဟူသော အသုံးအနှုန်းနှင့် အလဲအလှယ် အသုံးပြုတတ်ကြ ပါသည်။

ကျားမလူမှုကဏ္ဍကွဲပြားမှုကို အခြေခံသော အကြမ်းဖက်မှုဟူသော အသုံးအနှုန်းသည် ထိုလုပ်ရပ်များ၏ ကျားမ လူမှုကဏ္ဍ ရှုထောင့်ကို အထူးပြုပါသည်။ တစ်နည်းဆိုရသော် လူမှုအသိုင်းအဝိုင်းအတွင်း အမျိုးသမီးများ၏ အဖိနှိပ်ခံ အနေအထားနှင့် အကြမ်းဖက်ခံရမှု အန္တရာယ်ကျရောက်လွယ်မှု တိုးပွားလာမှုအကြား ဆက်နွယ်မှုကို ပြသနေခြင်း ဖြစ်ပါ သည်။ သို့သော် အမျိုးသားများနှင့် ယောက်ျားလေးများသည်လည်း ကျားမလူမှုကဏ္ဍ ကွဲပြားမှုကို အခြေခံသော အကြမ်းဖက်မှု၏ သားကောင်များ ဖြစ်နိုင်ကြောင်းကိုလည်း သတိချပ်ရန် လိုပါသည်။ အထူးသဖြင့် လိင်မှုဆိုင်ရာ အကြမ်းဖက်မှု ခံရနိုင်ပါသည်။" အဖွဲ့အစည်းပေါင်းစုံ အမြဲတမ်းကော်မတီ၊ ၂၀၀၅။ လူသားချင်းစာနာထောက်ထားမှု အခြေအနေရှိ ကာကွယ်စောင့်ရှောက်မှု လုပ်ငန်းများ - အရေးပေါ်အခြေအနေများတွင် လိင်မှုဆိုင်ရာအကြမ်းဖက်မှု ကာကွယ်စောင့်ရှောက် ခြင်းအား စူးစိုက်ဆောင်ရွက်ခြင်း၊ စာမျက်နှာ ၇။

ကျားမလူမှုကဏ္ဍကွဲပြားမှုကို အခြေခံသော အကြမ်းဖက်မှုကို ရည်ညွှန်းရန်အတွက် လိင်မှုဆိုင်ရာနှင့် ကျားမ လူမှု ကဏ္ဍကွဲပြားမှုကို အခြေခံသော အကြမ်းဖက်မှု (sexual and gender-based violence - SGBV) ဟူသော အသုံးအနှုန်းကိုလည်း အချို့အဖွဲ့အစည်းများမှ အသုံးပြုကြပါသည်။

GBV သည် ကမ္ဘာတစ်ဝှမ်းတွင် အခြေအနေအမျိုးမျိုး၌ ဖြစ်ပွားနေပါသည်။ ရွှေ့ပြောင်းနေထိုင်ရသော အခြေအနေများတွင် ရပ်ရွာလူထု၏ ကာကွယ်စောင့်ရှောက်မှုယန္တရားများ အားနည်းသွားခြင်း သို့မဟုတ် ပျက်ပြားသွားခြင်းကြောင့် GBV ဖြစ်ပွားနိုင်သည့် အန္တရာယ်မှာ တိုးပွားလာတတ်ပါသည်။ ရွှေ့ပြောင်းနေထိုင်ရသည့် နေရာများသည် နေထိုင်သူများအတွက် ဘေးကင်းလုံခြုံသော ပတ်ဝန်းကျင်ကို ဖန်တီးပေးရမည့်အစား တစ်ခါတစ်ရံ အကြမ်းဖက်မှုကို ပိုမို တွေ့ကြုံခံစားရစေ တတ်ပါသည်။
ကမ္ဘာတစ်ဝှမ်းတွင် GBV သည် မိသားစုနှင့် လူမှုအသိုင်းအဝိုင်း နှစ်ခုစလုံးတွင် ဖြစ်ပွားနေပြီး အခွင့်အာဏာကို လက်ကိုင်ပြု သူများမှ ကျူးလွန်တတ်ကြပါသည်။ ထိုအထဲတွင် အိမ်ထောင်ဖက်/အဖော်များ၊ မိဘများ၊ ဆွေမျိုးသားချင်းများ၊ ရဲများ၊ အစောင့်များ၊ လက်နက်ကိုင်တပ်ဖွဲ့များ/ အုပ်စုများ၊ ငြိမ်းချမ်းရေး ထိန်းသိမ်းသူများနှင့် လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာ ကယ်ဆယ်ရေးလုပ်သားများ ပါဝင်နိုင်ပါသည်။

လိင်မှုဆိုင်ရာ အကြမ်းဖက်မှုသည် အထင်ရှားဆုံးနှင့် အကျယ်ပြန့်ဆုံးသိရှိကြသော GBV ပုံစံတစ်ခု ဖြစ်ပါသည်။ သို့သော် အိမ်တွင်းအကြမ်းဖက်မှု၊ လိင်မှုဆိုင်ရာခေါင်းပုံဖြတ်မှုအတွက် လူကုန်ကူးခြင်း၊ အရွယ်မတိုင်မီနှင့် အတင်းအကြပ် လက်ထပ်စေခြင်း၊ အမျိုးသမီးလိင်အင်္ဂါ ဖြတ်တောက်ခြင်းကဲ့သို့ အန္တရာယ်မကင်းသော ရိုးရာဓလေ့ထုံးစံများ၊ လိင်မှုဆိုင်ရာ အမြတ်ထုတ်ခြင်း၊ ပြည့်တန်ဆာအဖြစ် အတင်းအကြပ်စေခိုင်းခြင်း၊ မိသားစုဂုဏ်သိက္ခာကို အကြောင်းပြကာ သတ်ဖြတ် ခြင်းနှင့် မုဆိုးမ၏ အမွေဆက်ခံခွင့်ကို ငြင်းပယ်ခြင်း အပါအဝင် GBV ပုံစံအားလုံးသည် လူသားချင်းစာနာထောက်ထားမှု အကူအညီများ လိုအပ်သည့် အခြေအနေမျိုးတွင် ဖြစ်နိုင်ခြေပိုမို တိုးပွားလာပါသည်။ ဥပမာ လူများကျပ်ညပ်နေသော နေရာများတွင် စိတ်ဖိစီးမှုကြီးစွာ နေထိုင်ရသော အခြေအနေသည် အိမ်တွင်းအကြမ်းဖက်မှုများကို တိုးပွားစေနိုင်ပြီး ကာကွယ်စောင့်ရှောက်မှုအတွက် သို့မဟုတ် မိသားစု၏ စီးပွားရေးအခက်အခဲကို ဖြေရှင်းရန်နည်းလမ်းတစ်ခုအဖြစ် အရွယ် မတိုင်မီ သို့မဟုတ် အတင်းအကြပ် အိမ်ထောင်ချပေးခြင်းများကို ဖြစ်ပေါ်စေနိုင်ပါသည်။

စခန်းအခြေအနေတွင် အန္တရာယ်ကျရောက်လွယ်သောအုပ်စုများ အထူးကြုံတွေ့နိုင်သည်မှာ GBV အန္တရာယ်များ ဖြစ်ပါ သည်။ GBV အား တွေ့ကြုံခံစားရသူအများစုသည် အမျိုးသမီးများနှင့် မိန်းကလေးငယ်များ ဖြစ်ကြသော်လည်း အမျိုးသားများနှင့် ယောက်ျားလေးများသည်လည်း လိင်မှုဆိုင်ရာနှင့် ကျားမလူမှုကဏ္ဍကို အခြေခံသော အကြမ်းဖက်မှု အပါအဝင် အကြမ်းဖက်မှုများကို ကြုံတွေ့ရနိုင်ကြောင်း သတိပြုရန် အရေးကြီးပါသည်။ အကြမ်းဖက်မှုများအားလုံးတွင် အကြမ်းဖက်ခံရသူသည် လျှို့ဝှက်ထိန်းသိမ်းမှုရှိပြီး သင့်တော်သော ပြုစုစောင့်ရှောက်မှုများ ရရှိရန်အတွက် အချိန်မီ လွှဲပြောင်းပေးမှုများကို ရရှိသင့်ပါသည်။

### ကျားမလူမှုကဏ္ဍကွဲပြားမှုကို အခြေခံသော အမျိုးသားများနှင့် ယောက်ျားလေးများအား အကြမ်းဖက်မှု

အမျိုးသမီးများနှင့် မိန်းကလေးများသည် GBV အန္တရာယ်အကျရောက်နိုင်ဆုံးသူများ ဖြစ်နေဆဲဖြစ်သော်လည်း အမျိုးသားများနှင့် ယောက်ျားလေးများသည်လည်း GBV ကို တွေ့ကြုံခံစားရနိုင်ပြီး ၎င်းတို့လိုအပ်သော ကူညီပံ့ပိုးမှုများကို ပေးရမည်ဖြစ်ကြောင်း သိရှိထားရန် အရေးကြီးပါသည်။ အမျိုးသမီးများနှင့် မိန်းကလေးငယ်များအတွက် ဝန်ဆောင်မှုများပေးသကဲ့သို့ အကြမ်းဖက်ခံရသူ အမျိုးသားများကို ကူညီပံ့ပိုးရာတွင်လည်း အထူးပြု သင်ကြားထား သော ကျွမ်းကျင်မှုများ လိုအပ်ပါသည်။

အမျိုးသားများနှင့် ယောက်ျားလေးများကို အကြမ်းဖက်သည့် GBV များတွင် လိင်မှုဆိုင်ရာ ပုံစံအပြင် အမျိုးသားများ၏ လူမှုအသိုင်းအဝိုင်းမှ သတ်မှတ်ထားသော အခန်းကဏ္ဍကို အခြေခံကာ ပစ်မှတ်ထားခြင်းခံရသော အခြားအကြမ်းဖက်မှု ပုံစံများလည်း ပါဝင်ပါသည်။ အမျိုးသားများနှင့် ယောက်ျားလေးများသည် ပုံစံအချို့ကို တွေ့ကြုံခံစားရနိုင်ပါသည်။ ထိုအထဲတွင် လူမှုအသိုင်းအဝိုင်းမှ သတ်မှတ်ထားသော လူမှုကဏ္ဍများကို ဖောက်ဖျက်သည်ဟု ယူဆခြင်းခံရသော အမျိုးသားများ၊ ဥပမာ လိင်ပြောင်းထားသူများ၊ အမျိုးသားအချင်းချင်း လိင်ဆက်ဆံသူများ သို့မဟုတ် ၎င်းတို့၏ ယဉ်ကျေးမှုအရ သတ်မှတ်မျှော်မှန်းထားသော ယောက်ျားပီသမှု စံနှုန်းများနှင့် မကိုက်ညီသည့် အမျိုးသားများအား ကိုယ်ကာယပိုင်းဆိုင်ရာ၊ လိင်မှုဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ ပါဝင်ပါသည်။

စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် ထိုအကြမ်းဖက်မှုပုံစံမျိုးစုံ ဖြစ်ပွားနိုင်သည့် အန္တရာယ်အား လျှော့ချရာတွင် အဓိက အခန်းကဏ္ဍမှ ပါဝင်နေပြီး စခန်းတွင် ပါဝင်ဆောင်ရွက်နေသော ကဏ္ဍများအားလုံးတွင် လူအားလုံး၏ လိုအပ်ချက် များကို နားလည်သိရှိကာ ကိုင်တွယ်ဖြေရှင်းခြင်းဖြင့် ဆောင်ရွက်နိုင်ပါသည်။ GBV တွေ့ကြုံ ခံစားခဲ့ရသူများအတွက် ၎င်းတို့၏ အထူးလိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်းဖြင့် ကူညီပံ့ပိုးပေးနိုင်ရန်မှာ စေ့စပ်သေချာစွာ စဉ်းစား ဆင်ခြင်မှုနှင့် ကဏ္ဍအမျိုးမျိုးနှင့် နိုင်ငံအဆင့် ပါဝင်ပတ်သက်သူများကြား ပူးပေါင်း ညှိနှိုင်းဆောင်ရွက်မှုများ လိုအပ်ပါ သည်။ ကာကွယ်စောင့်ရှောက်မှု မူဘောင်အတွင်းတွင် ဆောင်ရွက်ပြီး အမျိုးသမီးများ၊ မိန်းကလေးများ၊ အမျိုးသားများနှင့် ယောက်ျားလေးများ ရင်ဆိုင် ကြုံတွေ့နေရသော ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ အန္တရာယ်ဖြစ်နိုင်ခြေများကို နားလည်သဘောပေါက်ရန်မှာ စခန်းစီမံခန့်ခွဲမှု အေဂျင်စီ၏ တာဝန်ဖြစ်ပါသည်။

## GBV ဖြစ်ပွားစေသည့် အကြောင်းရင်းခံ အချက်များ

ကျားမကဏ္ဍခွဲခြားမှုသည် GBV ၏ အကြောင်းရင်းခံပင်ဖြစ်ပါသည်။ GBV အန္တရာယ်ကျရောက်နိုင်ခြေသည် ပဋိပက္ခ ဖြစ်နေစဉ်အတွင်း သို့မဟုတ် ထွက်ပြေးတိမ်းရှောင်စဉ်တွင် မြင့်မားလာလေ့ရှိပြီး ရွှေ့ပြောင်းနေထိုင်ရသည့် အချိန်အတွင်း ၌လည်း ဆက်လက်မြင့်တက်နေနိုင်ပါသည်။ စခန်းပတ်ဝန်းကျင်သည် စခန်းတွင်းနေထိုင်သူတိုင်းအတွက် ဘေးကင်းလုံခြုံ အောင် စောင့်ရှောက်ပေးနိုင်သော ပတ်ဝန်းကျင် ဖြစ်ရပါမည်။ စခန်းတည်ထောင်၍ ဝန်ဆောင်ပေးမှုများသည် GBV အန္တရာယ် ကျရောက်နိုင်ခြေအား မည်သို့ ပိုမိုဆိုးရွားစေနိုင်ကြောင်း သာဓကများကို အောက်တွင် ဖော်ပြထားပါသည်။

- မှတ်ပုံတင်စာရင်းသွင်းခြင်း - တစ်ဦးချင်း သီးခြားမှတ်ပုံတင်စာရင်း သွင်းပေးထားခြင်းမရှိသော အမျိုးသမီး များသည် ဝန်ဆောင်မှုများ၊ စားနပ်ရိက္ခာနှင့် လူသုံးပစ္စည်းများကို လက်လှမ်းမီရရှိနိုင်ရန် မသေချာပါ။ ထိုအခါ လိင်မှုဆိုင်ရာအမြတ်ထုတ်မှုနှင့် အနိုင်အထက်ပြုမှုတို့ကို ခံရနိုင်ခြေ ပိုမိုမြင့်မားလာနိုင်ပါသည်။
- စခန်းတွင်းနေရာချထားပုံ - စခန်းများ အတန်အသင့် အခြေကျပြီးချိန်မှ ရောက်ရှိလာပြီး စာရင်းသွင်းသော အမျိုးသမီးဦးစီးသည့် အိမ်ထောင်စုများသည် စခန်း၏ အစွန်အဖျားတွင် နေရာချပေးခြင်း ခံရနိုင်ပါသည်။ ထိုသို့ တစ်သီးတစ်ခြားဖြစ်နေသော အခြေအနေတွင် ထိုအိမ်ထောင်စုများသည် အခွင့်အရေးသမားများမှ အဓမ္မပြု ကျင့်ခြင်း သို့မဟုတ် စခန်းအနီးဝန်းကျင်မှ ရန်လိုသူများ၊ လူဆိုးဓားပြများ သို့မဟုတ် လက်နက်ကိုင်များ၏ တိုက်ခိုက်ခြင်းကို ခံရနိုင်ပါသည်။ စခန်းအား ဖွဲ့စည်းနေရာချရာတွင် စစ်စခန်းချရာနေရာများနှင့် ဈေးများကို လည်း ထည့်သွင်းစဉ်းစားသင့်ပါသည်။
- စခန်း၏ အခြေခံအဆောက်အအုံများ - စခန်း၏ ဝန်ဆောင်မှုများ ညံ့ဖျင်းသောအခါ သို့မဟုတ် မလုံလောက် သောအခါ စခန်းမှထွက်ကာ ဝေးလံသောနေရာများသို့ သွားရောက်၍ အစားအစာ၊ လောင်စာနှင့် ရေတို့ကို ရှာဖွေရသည့် အလုပ်များကို

အများဆုံးလုပ်ရလေ့ရှိသူများမှာ အမျိုးသမီးများနှင့် မိန်းကလေးများ ဖြစ်ပါသည်။ ထိုအခါ ၎င်းတို့မှာ တိုက်ခိုက်ခံရနိုင်သည့် အန္တရာယ် ပို၍ များပြားလာပါသည်။

➔ စိတ်ပိုင်းဆိုင်ရာနှင့် လူမှုရေးဆိုင်ရာ ဖိစီးမှုများ - အရေးပေါ်အခြေအနေများနှင့် ရွှေ့ပြောင်းနေထိုင်ရသော နေရာများ၏ အန္တရာယ်နှင့် မသေချာမရေရာမှုများသည် လူများ၊ မိသားစုများနှင့် လူမှုအသိုင်းအဝိုင်းများအပေါ် ကြီးစွာသောဖိစီးမှုများကို ဖြစ်ပေါ်စေရာ အိမ်များ သို့မဟုတ် မိသားစုများအတွင်းတွင် အကြမ်းဖက်မှုများ ဖြစ်ပေါ် နိုင်မှုကို အထောက်အပံ့ ပြုလေ့ရှိပါသည်။

➔ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ - စခန်းတွင်း၌ အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများ မရှိသည့်အတွက် ကလေးများ အိမ်ထောင်ကျခြင်း သို့မဟုတ် လိင်ဖျော်ဖြေမှုလုပ်ငန်းများ လုပ်ကိုင်ခြင်းကဲ့သို့ မမှန်ကန်သည့် နည်းလမ်းများဖြင့် အခြေအနေကို တုံ့ပြန်ပြောင်းလဲ နေထိုင်နိုင်ဖွယ် ရှိပါသည်။

➔ ဝေငှခြင်း - အစာအစာနှင့် လူသုံးပစ္စည်းများကို မည်သို့၊ မည်သည့်နေရာနှင့် မည်သည့်အချိန်တွင် ဝေငှပေးမည်ဆိုသည့်အချက်သည် အမျိုးသမီးများနှင့် မိန်းကလေးများအတွက် အန္တရာယ်ဖြစ်နိုင်ခြေကို တိုးပွားစေနိုင် သလို လျှော့လည်း လျှော့ချပေးနိုင်ပါသည်။ ပစ္စည်းဝေငှသည့်နေရာများသည် အမျိုးသမီးများနှင့် မိန်ကလေးများ အတွက် ဘေးအန္တရာယ် လုံခြုံစွာ လက်လှမ်းမီနိုင်သော နေရာများဖြစ်သင့်ပြီး ဝေငှနေစဉ်အတွင်းနှင့် ဝေငှပြီး နောက်တွင် ပေါ်ပေါက်လာနိုင်သော ဘေးကင်းလုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကို စောင့်ကြည့်စစ်ဆေးနေရမည် ဖြစ်သည်။

➔ စခန်းများတွင် လူများကျပ်ညပ်ပြွတ်သိပ်စွာ နေထိုင်ရခြင်း၊ အများပြည်သူ အသုံးပြုသောနေရာများတွင် မီး အလင်းရောင် မရှိခြင်း သို့မဟုတ် မလုံလောက်ခြင်း၊ သော့ခတ်၍မရသော မီးမရှိသည့် အိမ်သာများ၊ ပညာရေး နှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများကို လက်လှမ်းမီမှု နည်းပါးခြင်း၊ အမျိုးသမီးများ သို့မဟုတ် ကလေးများ အတွက် လုံခြုံနွေးထွေးသော သီးသန့်နေရာများမရှိခြင်း စသောအချက်များသည် စခန်းတစ်ခုတွင် နေထိုင်စဉ် အတွင်း GBV အန္တရာယ်များကို တိုးပွားစေနိုင်ပါသည်။

အမျိုးသမီး အိမ်ထောင်ဦးစီးများ၊ ကိုယ်ကာယ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ မသန်စွမ်းသူများ၊ လက်နက်ကိုင်တပ်ဖွဲ့များ အုပ်စုများနှင့် ဆက်နွယ်မှုရှိသူများ စသည့် အချို့အုပ်စုများအတွက်လည်း GBV အန္တရာယ်မြင့်မားနိုင်ပါသည်။ ဆယ်ကျော်သက်အရွယ် ယောကျ်ားလေးများနှင့် မိန်းကလေးများ၊ အထူးသဖြင့် အုပ်ထိန်းသူ မရှိသူများ၊ မွေးစားခံထားရသူများ သို့မဟုတ် ကလေးမိခင်များသည်လည်း GBV အန္တရာယ် ကျရောက်နိုင်ခြေ မြင့်မားသော အုပ်စုများ ဖြစ်ပါသည်။ သတိပြု ရမည့်အချက်မှာ ဆယ်ကျော်သက်မိန်းကလေးများသည် အသက်ငယ်ရွယ်မှုနှင့် မိန်းကလေးဖြစ်နေရခြင်း အကြောင်းနှစ်ခု ပေါင်းကာ လူမှုအသိုင်းအဝိုင်းတွင် အရာမဝင်ကြပါ။ ၎င်းတို့မှာ ကလေးပျော်နေရာများ ကဲ့သို့သော အရေးပေါ်အခြေအနေရှိ ထုံးတမ်းစဉ်လာ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများတွင် မပါဝင်နိုင်ကြသလို အမျိုးသမီးများအား ဝန်ဆောင်ပေးသောအစီအစ ဉ်များသည်လည်း မိန်းကလေးငယ်များထံသို့ မရောက်ရှိတတ်သည်ကို သတိပြုကြရပါမည်။

☛ GBV အကြောင်း ထပ်မံသိရှိလိုပါက လူသားချင်းစာနာထောက်ထားမှု အခြေအနေများတွင် ကျားမလူမှုကဏ္ဍ ကွဲပြားမှုကိုအခြေခံသော အကြမ်းဖက်မှု ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများအတွက် အဖွဲ့အစည်းပေါင်းစုံ အမြဲတမ်း ကော်မတီ ၏ လမ်းညွှန်များ (Inter-Agency Standing Committee's Guidelines for Gender-based Violence Interventions in Humanitarian Settings) ကို ကြည့်ပါ။

GBV ၏ နောက်ဆက်တွဲဆိုးကျိုးများသည် ကိုယ်ကာယပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် လူမှုရေးပိုင်းဆိုင်ရာ သဘာဝများ ရှိနိုင်ပါသည်။ အောက်ပါဇယားတွင် ဖြစ်နိုင်ခြေရှိသော နောက်ဆက်တွဲဆိုးကျိုးများကို အားလုံး မဟုတ်သော်လည်း အချို့အား သာဓကအဖြစ် ဖော်ပြထားပါသည်။

| ခန္ဓာကိုယ်ကျန်းမာရေး နောက်ဆက်တွဲဆိုးကျိုးများ | စိတ်ကျန်းမာရေး နောက်ဆက်တွဲ ဆိုးကျိုးများ | လူမှုကျန်းမာရေး နောက်ဆက်တွဲ ဆိုးကျိုးများ |
|---|---|---|
| - ထိခိုက်ဒဏ်ရာရခြင်း<br>- HIV/AIDS<br>- လိင်မှတစ်ဆင့် ကူးစက်သော ရောဂါများ<br>- မလိုချင်ဘဲ ကိုယ်ဝန်ရခြင်း<br>- မိန်းမကိုယ်နှင့် ဆီး/ဝမ်း လမ်းကြောင်းအကြား အပေါက် ဖြစ်ခြင်း<br>- သေဆုံးခြင်း | - စိတ်ဓာတ်ကျခြင်း<br>- ကြောက်ရွံ့ခြင်း<br>- မိမိကိုယ်မိမိ အပြစ်တင်ခြင်း<br>- ပူပင်သောကရောက်ခြင်း<br>- စိတ်ရောဂါရခြင်း<br>- မိမိကိုယ်မိမိ သတ်သေရန် ကြံစည်ခြင်း သို့မဟုတ် ကြိုးပမ်းခြင်း<br>- ထိခိုက်ခံရပြီးနောက် စိတ်ဖိစီးမှု ရောဂါ (Post traumatic stress diorders – PTSD) များ ရခြင်း | - အကြမ်းဖက်ခံရသူများကိုသာ အပြစ်တင်ခြင်း<br>- ကဲ့ရဲ့ခြင်း<br>- ပိုင်းပယ်ခြင်း<br>- ဖယ်ကျဉ်ထားခြင်း<br>- ဂုဏ်သိက္ခာကို အကြောင်းပြကာ ရာဇဝတ်မှုများ ကျူးလွန်ခြင်း |

☛ GBV ၏ ကျန်းမာရေးဆိုင်ရာ သက်ရောက်မှုများအကြောင်း ထပ်မံသိလိုလျှင် - ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၊ ၁၉၉၇၊ အမျိုးသမီးများအား အကြမ်းဖက်မှု၏ ကျန်းမာရေးဆိုင်ရာ နောက်ဆက်တွဲဆိုးကျိုးများ - ကို ကြည့်ပါ။

လိင်မှုဆိုင်ရာအကြမ်းဖက်မှုကို တွေ့ကြုံခံစားခဲ့ရသော အမျိုးသမီးတစ်ဦးတွင် HIV သို့မဟုတ် ကူးစက်ရောဂါများ ကူးစက်ခံ ရနိုင်ခြေအား ကာကွယ်တားဆီးပေးသည့် စောင့်ရှောက်မှုကို ရယူရန် အချိန် ၇၂နာရီ၊ မလိုချင်သော ကိုယ်ဝန်ကို မရအောင် တားဆီးနိုင်ရန်အတွက် နာရီ ၁၂၀ နှင့် အသက်အန္တရာယ်ရှိသော ထိခိုက်ဒဏ်ရာများမှ အသက်မသေဆုံးရလေအောင် ကုသစောင့်ရှောက်ရန် နာရီအနည်းငယ်သာ အချိန်ရပါသည်။ ဆေးကုသစောင့်ရှောက်မှုများမှာ အလွန်အရေးကြီးသည် မှန်သော်လည်း GBV ဆိုင်ရာ အရေးပေါ်လုပ်ငန်းများတွင် အသက်ကယ်တင်နိုင်ရေးအတွက် ထိုဝန်ဆောင်မှုတစ်ခုတည်း ဖြင့် မလုံလောက်ပါ။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် အခြေခံစိတ်ပိုင်းဆိုင်ရာ ရှေးဦးသူနာပြုစုမှုနှင့် ဘေးကင်းလုံခြုံရေး စီစဉ် ပေးခြင်းများအပါအဝင် အကြမ်းဖက်ခံရသူအတွက် ကူညီစောင့်ရှောက်မှု ရရှိစေရန် အသိပေးတင်ပြတိုက်တွန်း ဆွေးနွေးသင့်ပါသည်။ GBV အား အထူးပြုကာ ကူညီစောင့်ရှောက်ပေးမည့် အစီအစဉ်တစ်ရပ်အား ရေးဆွဲ ချမှတ် အကောင်အထည်ဖော်ရန်မှာ အလွန်အရေးကြီးသော လိုအပ်ချက်တစ်ရပ် ဖြစ်ပါသည်။ ထိုဝန်ဆောင်မှုများသည် တတ်နိုင်သမျှ ဒေသခံ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ အစိုးရ လူမှုရေးဝန်ဆောင်မှုအဖွဲ့အစည်းများ ကဲ့သို့သော ရှိနှင့်ပြီးသား အထောက်အကူပြု ဖွဲ့စည်းတည်ဆောက်ပုံများကိုအခြေပြုကာ နီးကပ်စွာပူးပေါင်းညှိနှိုင်းဆောင်ရွက်သင့်ပါသည်။ နောက်ဆုံးအရေးကြီးသည့်အချက်မှာ လူသားချင်းစာနာထောက်ထားမှု လုပ်ငန်းများတွင် အမျိုးသမီးများနှင့် မိန်းကလေးများအရေးကို ကဏ္ဍများအားလုံးတွင် ထည့်သွင်းကာ ၎င်းတို့အတွက် အန္တရာယ်ကျရောက်နိုင်ခြေများ လျော့နည်းသွားအောင် ကြိုးပမ်းဆောင်ရွက်ရမည် ဖြစ်ပါသည်။ အန္တရာယ်ဖြစ်နိုင်ခြေများကို လျော့ချခြင်း၊ GBV တားဆီး ကာကွယ်ခြင်းနှင့် ဤအရေးကိစ္စအား လုပ်ဆောင်သူများအားလုံး နားလည်သိရှိကာ တာဝန်ယူဆောင်ရွက်စေခြင်း တို့အတွက် စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် အလွန်အရေးကြီးသော အခန်းကဏ္ဍတွင် ပါဝင်နေပါသည်။

## အဓိကအရေးကိစ္စများ

### အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများ

အရေးပေါ်အခြေအနေတစ်ခု၏ အစောဆုံးအဆင့်များတွင် GBV အား ကာကွယ်ရန်နှင့် ကူညီစောင့်ရှောက်ပေးရန်အတွက် အမျိုးသမီးများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ နိုင်ငံအာဏာပိုင်များ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ ရွှေ့ပြောင်း နေထိုင်ရသူများနှင့် အနီးဝန်းကျင်မှ ရပ်ရွာလူထုများအပါအဝင် မိတ်ဖက်များ၊ လူထုအခြေပြုအုပ်စုများ အားလုံးနှင့် ပူးပေါင်း၍

အနိမ့်ဆုံးအနေဖြင့် မဖြစ်မနေ အလျင်အမြန် လုပ်ဆောင်ရမည့် လုပ်ငန်းများ ရှိပါသည်။ အဓိက လုပ်ဆောင် ရမည့် လုပ်ငန်းနယ်ပယ်များတွင် အောက်ပါတို့ ပါဝင်ပါသည်။

- ➔ လေ့လာဆန်းစစ်မှုများ ပြုလုပ်ရာတွင် အန္တရာယ်ကျရောက်လွယ်သော အုပ်စုအားလုံး၏ လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားကြောင်း သေချာစေခြင်း
- ➔ အသက်ကယ်ဝန်ဆောင်မှုများ၊ အထူးသဖြင့် လွဲပြောင်းညွှန်းပို့မှု လမ်းကြောင်းများအား သတင်းပို့ရန်နှင့် လက်လှမ်းမီ အသုံးပြုရန်အတွက် ဘေးကင်းလုံခြုံ၍ သင့်တော်သော ဖွဲ့စည်းတည်ဆောက်ပုံများနှင့် လုပ်ငန်း ယန္တရားများကို တည်ထောင်ခြင်း၊ ထို တုံ့ပြန်ဆောင်ရွက်မှု အားလုံးတွင် ရှိနှင့်ပြီးသား ဝန်ဆောင်မှုများနှင့် ဖွဲ့စည်းတည်ဆောက်ပုံများကို ဦးစွာ အားကောင်းခိုင်မာစေပြီး ပံ့ပိုးကူညီပေးသင့်ပါသည်။
- ➔ ကနဦး ကူညီစောင့်ရှောက်မှုများတွင် ကျန်းမာရေးစောင့်ရှောက်မှု၊ စိတ်ပိုင်းဆိုင်ရာနှင့် လူမှုရေး ပံ့ပိုးကူညီမှုနှင့် လုံခြုံရေးဝန်ဆောင်မှုများပေးခြင်း၊ ကြားကာလစောင့်ရှောက်မှုများတွင် ဥပဒေရေးရာ အကူအညီနှင့် တရားသဖြင့် ဖြစ်စေမှုများ ပါဝင်သင့်ပါသည်။
- ➔ အကြမ်းဖက်ခံရသူများအတွက် ဝန်ဆောင်မှုများ ရရှိရန် မည်သို့ ပံ့ပိုးကူညီမည်၊ အန္တရာယ်ဖြစ်နိုင်ခြေများ လျော့နည်းအောင် မည်သို့ပါဝင်ဆောင်ရွက်နိုင်သည်ကို ရပ်ရွာလူထုအား အသိပညာပေးခြင်း

GBV ညှိနှိုင်းမှုများကို ဦးစီးလုပ်ဆောင်သည့် ကုလသမဂ္ဂအဖွဲ့များဖြစ်သော ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့၊ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့၊ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး သို့မဟုတ် အခြား သက်ဆိုင်ရာ အာဏာပိုင်များသည် ကဏ္ဍစုံမှ အဖွဲ့အစည်းပေါင်းစုံနှင့် ပူးပေါင်းညှိနှိုင်းကာ ကူညီစောင့်ရှောက်မှုများ ရရှိနိုင်ရန်အတွက် GBV ကို အထူးပြုလုပ်ဆောင်နေသော NGOs များ၊ ရပ်ရွာလူထုများနှင့် အတူတကွ ညှိနှိုင်းဆောင်ရွက်သင့်ပါသည်။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် GBV လုပ်ငန်းများအား လက်တွေ့လုပ်ဆောင်နေသည့် အတွေ့အကြုံများစွာရှိသော ထိုအဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ပါသည်။

- ☛ ပူးပေါင်းညှိနှိုင်းမှုလုပ်ငန်းယန္တရားနှင့်ပတ်သက်၍ သိလိုသည်များ ရှိပါက လူသားချင်းစာနာထောက်ထားမှုအခြေအနေရှိ ကျားမလူမှုကဏ္ဍကွဲပြားမှုကို အခြေခံသော အကြမ်းဖက်မှု ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရေး လက်စွဲ (Handbook for Coordinating Gender-based Violence Interventions in Humanitarian Settings) ကို ကြည့်ပါ။

စခန်းအခြေအနေတစ်ခုတွင် စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် GBV အား ကာကွယ်ရန်နှင့် GBV ကြောင့် ထိခိုက်နစ်နာမှုများ လျော့ပါးသက်သာစေရန် နှစ်ခုစလုံးအတွက် တာဝန်ရှိပါသည်။ ထိုလုပ်ငန်းနှစ်ခုစလုံးနှင့် ဆက်နွယ်သည့် စခန်းစီမံခန့်ခွဲမှု အေဂျင်စီ၏ အဓိကလုပ်ဆောင်ရမည့် လုပ်ငန်းများကို ရှေ့တွင် ဆက်လက်ဖော်ပြသွားပါမည်။

### ကွင်းဆင်းဆောင်ရွက်သူများထံမှ ပြောဆိုချက် - နိုင်ငံအာဏာပိုင်များနှင့် GBV ကာကွယ်ကုသစောင့်ရှောက်ရေး

၁၉၇၇ခုနှစ်တွင် ဖိလစ်ပိုင်အစိုးရသည် နိုင်ငံအဆင့် ကပ်ဘေးအန္တရာယ်ညှိနှိုင်းရေးကော်မတီကို တည်ထောင်ခဲ့ပါသည်။ ထိုကော်မတီမှ ကပ်ဘေးအန္တရာယ် စီမံခန့်ခွဲရေးဆိုင်ရာဥပဒေကို ပြဋ္ဌာန်းပြီး နောက်ဆက်တွဲအနေဖြင့် ကပ်ဘေး အန္တရာယ် ပူးပေါင်းညှိနှိုင်းမှု လုပ်ငန်းယန္တရားတစ်ခုကို တဖြည်းဖြည်းချင်း တည်ထောင်ချမှတ်ခဲ့ပါသည်။ ဖိလစ်ပိုင်တွင် စခန်းညှိနှိုင်းစီမံမှု (CCCM) အစုအဖွဲ့အား ပထမအကြိမ် စတင်အသက်သွင်းခဲ့သည်မှာ ၂၀၀၆ခုနှစ်တွင် လူပေါင်း တစ်သန်းခွဲကို ထိခိုက်စေခဲ့သော ဒူရိန်း တိုင်ဖွန်းမုန်တိုင်း (ဒေသအခေါ် ရီမင်) တိုက်ခတ်ခံရပြီးနောက်တွင် ဖြစ်ပါသည်။ အခြားသော ပြင်းထန်သည့် သဘာဝဘေးအန္တရာယ်အချို့ ဖြစ်ပွားခဲ့ပြီးနောက် ၂၀၀၇ ခုနှစ်တွင် နိုင်ငံတော်အစိုးရသည် အစုအဖွဲ့ ဖွဲ့စည်းဆောင်ရွက်သည့် နည်းလမ်းကို တရားဝင် လက်ခံကျင့်သုံးခဲ့ပါသည်။ ဟေယန် တိုင်ဖွန်းမုန်တိုင်း အတွက် တုံ့ပြန်ဆောင်ရွက်ရာတွင် လူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်မှုဦးစီးဌာနသည် CCCM အစုအဖွဲ့ကို ဦးဆောင် ခဲ့ပါသည်။ ဖိလစ်ပိုင်နိုင်ငံအား အကြိမ်ကြိမ် ထိခိုက်ခဲ့သော ကပ်ဘေးအန္တရာယ်များသည် GBV နှင့် ကလေး လူကုန်ကူးမှု များကို

ရုတ်ခြည်း မြင့်တက်လာစေခဲ့ပါသည်။ ဖိလစ်ပိုင်နိုင်ငံတွင် ကပ်ဘေးများ မကျရောက်လျှင်ပင် အမျိုးသမီးများနှင့် မိန်းကလေးများအပေါ် ကျူးလွန်သော ကိုယ်ကာယပိုင်းဆိုင်ရာနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများမှာ စိုးရိမ်ဖွယ်ရာ အရေးကိစ္စတစ်ခု ဖြစ်နေခဲ့ပါသည်။ လိင်ပိုင်းဆိုင်ရာ ကျူးလွန်မှုများသည် ကပ်ဘေးဒဏ်ခံရသော အခြေအနေများတွင် ကြီးမားသော လူထုကျန်းမာရေး ပြဿနာတစ်ခုဖြစ်ပြီး ကျူးလွန်ခံရသူများအား မရည်ရွယ်ဘဲကိုယ်ဝန်ရခြင်း၊ အန္တရာယ်ရှိသော ကိုယ်ဝန်ဖျက်ချခြင်း၊ လိင်မှတစ်ဆင့်ကူးစက်ရောဂါများ၊ HIV၊ စိတ်ဒဏ်ရာများနှင့် ကဲ့ရဲ့ပြစ်တင် ခံရခြင်း အန္တရာယ်များကို ကြုံတွေ့စေပါသည်။ ၂၀၀၈ခုနှစ်တွင် ဆောင်ရွက်ခဲ့သော နိုင်ငံအဆင့် လူဦးရေနှင့် ကျန်းမာရေးစစ်တမ်းက အသက် ၁၅နှစ် နှင့် ၄၉နှစ် ကြား ဖိလစ်ပိုင်အမျိုးသမီး ငါးဦးတွင် တစ်ဦးသည် ကိုယ် ကာယပိုင်းဆိုင်ရာ အကြမ်းဖက်မှုကို ခံခဲ့ရသည်ဟု ခန့်မှန်းထားပါသည်။ သဘာဝဘေးအန္တရာယ်များ စတင်ဖြစ်ပေါ် လာသောအခါ အကြမ်းဖက်မှုများ ပိုမိုတိုးပွားလာသည်မှာ ထင်ရှားပါသည်။ အရေးပေါ်အခြေအနေ ဖြစ်ပေါ်နေစဉ်နှင့် ဖြစ်ပေါ်ပြီးနောက်တွင် လူမှုရေးဝန်ဆောင်မှုများနှင့် ရပ်ရွာလူထု ကူညီပံ့ပိုးမှုစနစ်များ ပျက်ပြားသွားနိုင်ပြီး အမျိုးသမီး များနှင့် မိန်းကလေးများအပေါ် ပိုမိုအန္တရာယ်ကျရောက်လွယ်လာသည့် အတွက် GBV ဖြစ်နိုင်ခြေအန္တရာယ်လည်း တိုးပွားလာပါသည်။

၂၀၁၃ခုနှစ်တွင် တိုင်ဖွန်းဟေယန် (ဒေသအခေါ် ယိုလန်ဒါ) ကဲ့သို့သော ကပ်ဘေးအန္တရာယ်များ၏ သက်ရောက်မှုသည် အမျိုးသားများနှင့် အမျိုးသမီးများ၊ ငယ်ရွယ်သူများနှင့် သက်ရွယ်ကြီးသူများ အကြားတွင် ကွဲပြားခြားနားမှုရှိပါသည်။ အမျိုးသမီးများသည် အမျိုးသားများထက် ပိုမို ထိခိုက်နိုင်ခြေများနေသောကြောင့် ကျားမ တန်းတူညီမျှမှုသည် အန္တရာယ်ကျရောက်လွယ်မှု၏ အရေးကြီးသော အကြောင်းအချက်တစ်ခု ဖြစ်နေပါသည်။ ကပ်ဘေးအန္တရာယ်မှ လွတ်မြောက်ကာ ကယ်ဆယ်ရေးစခန်းများသို့ရောက်ရှိလာသော အမျိုးသမီးများနှင့် ကလေးများသည် GBV ကျူးလွန်သူများနှင့် ထိတွေ့နိုင်သည့် အန္တရာယ်များ တိုးပွားလာပါသည်။ ထိုသို့သော အန္တရာယ်ကျရောက်လွယ်မှု ဆိုင်ရာ သီးသန့်သတင်းအချက်အလက်များကို စုဆောင်းခြင်းဖြင့် ဦးတည်အုပ်စုများအတွက် ကူညီထောက်ပံ့မှု များပေးရာတွင် လိုအပ်သော အချက်အလက်များ ရရှိစေပါသည်။

ထိုသို့ စုဆောင်းနိုင်စေရန် ကျားမလူမှုကဏ္ဍကွဲပြားမှုကို အခြေခံသည့် အကြမ်းဖက်မှုကို ခံစားခဲ့ရသူများအတွက် လွှဲပြောင်းညွှန်းပို့မှု လမ်းကြောင်းတစ်ခုအား အစုအဖွဲ့တွင် ပါဝင်သူများနှင့် တွဲဖက်ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော အစိုးရ ဌာန ဖြစ်သည့် လူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်မှု ဦးစီးဌာနတို့အကြား ဆွေးနွေးကာ သဘောတူချမှတ်ကြပါသည်။ ထို လွှဲပြောင်းညွှန်းပို့မှုလမ်းကြောင်းအား ကယ်ဆယ်ရေးစခန်းများနှင့် အိမ်ဆောင်များတွင် ပိုစတာများနှင့် နဖူးစီးစာတန်း များဖြင့် ဖြန့်ဝေသိရှိစေပါသည်။ ထို့နောက် ရပ်ရွာလူထုခေါင်းဆောင်များ၊ ရွှေ့ပြောင်းနေထိုင်ရသူများနှင့် အုပ်စုဖွဲ့ ဆွေးနွေးပွဲများ ပြုလုပ်ကာ လူထုအား အသိပေးမှုများကို ပြုလုပ်ပါသည်။ အကြမ်းဖက်ခံရမှု အများစုအား လူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လစာပေးထားသော လူမှုဖူလုံရေးဝန်ထမ်းများမှ စီမံဆောင်ရွက် ပေးနေခြင်းဖြစ်သည့်အတွက် ဆွေးနွေးသည့် အကြောင်းအရာများအား ရွေးချယ်ရာတွင် ဒေသန္တရအုပ်ချုပ်ရေး အဆင့် များမှ လူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်မှုဦးစီးဌာန၏ သဘောတူညီချက်ကို အစဉ်အမြဲ ရယူပါသည်။ လူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်မှုဦးစီးဌာန မရှိသည့် နေရာဒေသများတွင်သာ တာဝန်လွှဲအပ်လိုက်သော ဒေသခံ NGO သို့မဟုတ် တရားဝင်အသိအမှတ်ပြုထားသော ဝန်ဆောင်မှုပေးသူများသည် အကြမ်းဖက်ခံရသူများကို လွှဲပြောင်းညွှန်းပို့ပေးရမည့် အဖွဲ့အစည်းများ ဖြစ်လာပါသည်။

### ကွင်းဆင်းဆောင်ရွက်သူများထံမှ ပြောဆိုချက် - ၂၀၁၁ခုနှစ် ဟေတီနိုင်ငံတွင် သဘာဝဘေးအန္တရာယ်ဖြစ်ပွားအပြီး မြို့ပြဒေသ တစ်ခုတွင် ရွှေ့ပြောင်းနေထိုင်ရသော အခြေအနေ၌ ဖြစ်ပွားသော GBV

နိုင်ငံရေး အရေးအခင်းများနှင့် သဘာဝကပ်ဘေးများ၏ ဒဏ်ကို ခံစားခဲ့ရပြီးဖြစ်သော ဟေတီနိုင်ငံတွင် ၂၀၁၀ခုနှစ် မြေငလျင်ကြောင့် အမျိုးသမီးများ၊ အမျိုးသားများ၊ ယောက်ျားလေးများနှင့် မိန်းကလေးများစွာ အသက်ဆုံးရှုံးခဲ့ရပြီး လူအများအပြားကိုလည်း ဒဏ်ရာရရှိစေခဲ့ပါသည်။ ထို ဖြစ်စဉ်ကြောင့် ဂမ်းနည်းကြေကွဲဖွယ်ဖြစ်ရပ်၏ ကျားမလူမှုကဏ္ဍဆိုင်ရာ သက်ရောက်မှုများကို နားလည်သိရှိရန်မှာ မလွယ်ကူလှပါ။

မြို့တော် ပို့အော်ပရင့်စ်တွင် စခန်းစီမံခန့်ခွဲမှုအေဂျင်စီများသည် စခန်းနေရာ ၁,၅၅၀ ခန့်တွင် ကာကွယ်စောင့်ရှောက်

မှုများ ပေးနိုင်ရန်အတွက် လူသားချင်းစာနာထောက်ထားမှု လုပ်ဆောင်သူအများအပြား၏ လုပ်ဆောင်ချက်များကို လက်လှမ်းမီ ညှိနှိုင်းဆောင်ရွက်ရန် ကြိုးပမ်းရာတွင် စိန်ခေါ်မှုများကို ရင်ဆိုင်ကြပါသည်။ လူနေထူထပ်ကာ ဂင်္ဘာကဲ့သို့ ရှုပ်ထွေးနေသော လူသွားလမ်းများရှိနေသည့် စခန်းများတွင် ရေချိုးခန်းများ ဆောက်လုပ်ခြင်းနှင့် တွင်းအိမ်သာ များတူးခြင်းသည် ခဲရာခဲဆစ်အလုပ်တစ်ခု ဖြစ်သည်။ စခန်းစီမံခန့်ခွဲမှုတွင် လူထုပါဝင်ဆောင်ရွက်လာအောင် အသုံးပြုသော လူထုအခြေပြုနည်းလမ်းမှာ ထိရောက်မှုမရှိပါ။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီများသည် မြို့ပြနေထိုင်သူများ၏ သူတစ်လူ ငါတစ်မင်း ဆောင်ရွက်တတ်သော သဘာဝကို မေ့လျော့နေတတ်ကြပါသည်။ မြေလျှင် မလှုပ်မီ ကတည်း က အားနည်းချို့တဲ့သော လူမှုအဖွဲ့အစည်းများတွင် ပျံ့နှံ့ဖြစ်ပွားနေသော ရာဇဝတ်မှုများ၊ အထူးသဖြင့် GBV အား ကိုင်တွယ်ဖြေရှင်းနေရပါသည်။ ရွှေ့ပြောင်းနေထိုင်ကြသော နေရာများရှိ ကလေးများနှင့် လူငယ်များ၏ အရွယ်မတိုင်မီ ပြုလုပ်သော လိင်ပိုင်းဆိုင်ရာ အပြုအမူများ၊ မလိုလားသော ကိုယ်ဝန်ရရှိမှု အရေအတွက်၊ မိသားစုများမှ မိန်းကလေးများကို ပစ်ပယ်ထားမှုများနှင့် နေ့စဉ်အလုပ်ရှာရန်အတွက် မိတဆိုး သို့မဟုတ် ဖတဆိုးကလေးများကို စခန်းတွင် ထားခဲ့ရသော မိဘများကြောင့် ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ ပြဿနာများ အပိုထပ်ဆောင်းပေါ်ပေါက်လာပါသည်။
အကြမ်းဖက်မှုအမျိုးမျိုးအတွက် သတင်းပေးပို့မှု လုပ်ငန်းယန္တရားတစ်ခုကို တည်ထောင်ခြင်း၊ အမျိုးသမီးများနှင့် လူငယ် ကော်မတီများအား ဟေတီတွင် ပြဋ္ဌာန်းထားသော GBV ဆိုင်ရာ ဥပဒေများကို လေ့ကျင့်သင်တန်းပေးခြင်းဖြင့် အကြမ်းဖက်ခံရသူများကို ကူညီစောင့်ရှောက်ကာ လွှဲပြောင်းညွှန်းပို့ပေးပါသည်။ နှစ်ဦးသဘောတူသော၊ ကြိုတင်ပြင်ဆင်မှုရှိသော၊ အကာအကွယ်သုံးသော လိင်ပိုင်းဆိုင်ရာ အပြုအမူများကို ဆွေးနွေးပေးသည့် လူငယ်ကလပ် အသင်းများ တည်ထောင်ဖွင့်လှစ်ပေးခြင်းဖြင့် အခြေအနေကို တိုးတက်ကောင်းမွန်လာအောင် အထောက်အကူ ဖြစ်စေ ခဲ့ပါသည်။

## GBV အန္တရာယ်ဖြစ်နိုင်ခြေများကို လျှော့ချခြင်း

### လေ့လာဆန်းစစ်မှုများနှင့် အန္တရာယ်ဖြစ်နိုင်ခြေများကို စောင့်ကြည့်စစ်ဆေးခြင်း

လေ့လာဆန်းစစ်မှုများကို GBV အား အထူးပြု လေ့လာသင်ယူထားသော ကျွမ်းကျင်ပညာရှင်များမှ ဆောင်ရွက်သောအခါ အမျိုးသမီးများနှင့် မိန်းကလေးများအပေါ် ကျူးလွန်သော အကြမ်းဖက်မှုများ၊ အကြမ်းဖက်မှုကို ကာကွယ်နိုင်သည့် အချက် များ၊ အားပေးသည့်အချက်များနှင့် ရရှိနိုင်သော ဝန်ဆောင်မှုများကို သတ်မှတ်ဖော်ထုတ်ကာ ပိုမိုနားလည်သဘော ပေါက်အောင် ဆောင်ရွက်ကြပါသည်။ သို့သော် နိုင်ငံတကာ လမ်းညွှန်များနှင့် အညီ စနစ်တကျ အစီအစဉ်ရေးဆွဲ ဆောင်ရွက်ခြင်းမရှိလျှင်မူ GBV လေ့လာဆန်းစစ်မှုများကြောင့် အမျိုးသမီးများ၊ မိန်းကလေးများ၊ ရပ်ရွာလူထုများနှင့် လူသားချင်းစာနာမှု လုပ်ဆောင်သူများအတွက် အန္တရာယ် ဖြစ်နိုင်လာနိုင်ပါသည်။

စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် GBV လုပ်ငန်းအုပ်စုမှတစ်ဆင့် GBV ကျွမ်းကျင်သူ မိတ်ဖက်တစ်ဦးနှင့် ကောင်းစွာ လေ့ကျင့် ပေးထားသောဝန်ထမ်းများနှင့်အတူ ပူးပေါင်းညှိနှိုင်းခြင်းများ မပြုလုပ်ဘဲ GBV ဆိုင်ရာ သတင်းအချက်အလက် စုဆောင်းခြင်းကို ဆောင်ရွက်ရန် မကြိုးပမ်းသင့်ပါ။ သို့သော် စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် စခန်းပတ်ဝန်းကျင်ရှိ အမျိုးသမီးများနှင့် မိန်းကလေးများအတွက် အန္တရာယ်ဖြစ်နိုင်ခြေများကို သတ်မှတ်ဖော်ထုတ်ခြင်းနှင့် စောင့်ကြည့်စစ်ဆေး ခြင်း တို့ကိုမူ ဦးဆောင်နိုင်ပါသည်။ လုပ်ဆောင်သင့်သည့် အလုပ်လည်း ဖြစ်ပါသည်။ ဝန်ဆောင်မှုပေးသည့် နေရာများ၊ စခန်းပရဝုဏ်အတွင်း၊ အများသုံးအိမ်သာနှင့် ရေချိုးခန်းများ၊ စုစည်းနေထိုင်ရာနေရာများ၊ လုံခြုံရေးဂိတ်များနှင့် အခြား နေရာများအား ပုံမှန် မကြာခဏ စောင့်ကြည့်စစ်ဆေးခြင်းဖြင့် ဆောင်ရွက်နိုင်ပါသည်။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် အကြမ်းဖက်ခံရသူများအတွက် ရရှိနိုင်သော ဆေးဘက်ဆိုင်ရာ၊ လူမှုရေးနှင့်စိတ်ပိုင်းဆိုင်ရာ သို့မဟုတ် ဥပဒေရေးရာ ဝန်ဆောင်မှုများ ရှိ၊ မရှိ၊ ၎င်းတို့အား လက်လှမ်းမီ ရရှိနိုင်မှုနှင့် အရည်အသွေးများကို စောင့်ကြည့်လေ့လာခြင်းနှင့် သတင်း ပို့ခြင်းတို့ကိုလည်း ဆောင်ရွက်သင့်ပါသည်။

**GBV ဖြစ်နိုင်ခြေ စောင့်ကြည့်စစ်ဆေးရာတွင် ထည့်သွင်းစဉ်းစားရမည့် အချက်များ**

စခန်းစီမံခန့်ခွဲမှုအေဂျင်စီအနေဖြင့် GBV နှင့် ဆက်နွယ်သော အန္တရာယ်ဖြစ်နိုင်ခြေများကို စောင့်ကြည့်စစ်ဆေးရာ၌ ထည့်သွင်းစဉ်းစားရမည့်အချက်များတွင် အနည်းဆုံးအနေဖြင့် အောက်ပါတို့ ပါဝင်ရပါမည်။

➔ မီးအလင်းရောင် - မီးလုံးများ ကောင်းပါသလား၊ ညတိုင်း မီးလာပါသလား။ အိမ်သာများ၊ ရေချိုး အဝတ်လျှော်သည့်

နေရာများ၊ ကျန်းမာရေးဌာနများနှင့် အခြားဝန်ဆောင်မှုပေးသည့် နေရာများတွင် မီးအလင်းရောင် ကောင်းစွာရရှိနေပါသလား။

- ➔ နေထိုင်စရာ - နေထိုင်စရာနေရာများသည် အတွင်းမှ သော့ခတ်၍ရပါသလား။ လူသွားလမ်းများတွင် မီး အလင်းရောင် ကောင်းစွာရပါသလား။ အိမ်ထောင်စုများသည် သီးသန့်လုံခြုံမှု ရှိပါသလား။ စုစည်း နေထိုင်ရာနေရာများတွင် နေထိုင်ရသော မိသားစုများကြားတွင် အကာအရံများ ကန့်ထားပေးပါသလား။
- ➔ အိမ်သာများ/ရေချိုးခန်းများ - အိမ်သာများ/ရေချိုးခန်းများသည် ဘေးကင်းလုံခြုံသော နေရာများတွင် ရှိနေပါသလား။ ကျားအိမ်သာ၊ မအိမ်သာ ခွဲခြားထားပါသလား။ သာမာန်နှင့်မတူသော ကျားမ လက္ခဏာ ရှိသူများ အပါအဝင် လူတိုင်းသည် ရန်ပြုခံရမည်/ကဲ့ရဲ့ပြောဆိုခံရမည်ကို ကြောက်ရွံ့နေရန်မလိုဘဲ အသုံးပြုနိုင်ပါသလား။ အိမ်သာ၊ ရေချိုးခန်းများသည် အတွင်းမှ သော့ခတ်၍ ရပါသလား။ အိမ်သာ အနီး ဝန်းကျင်တွင် လက်နက်ကိုင်များကို မြင်တွေ့ရပါသလား။
- ➔ ကျောင်းများ - ကျောင်းသွားရာ လမ်းများသည် ဘေးကင်းလုံခြုံမှု ရှိပါသလား။ ကျောင်းများ၏ အနီး ဝန်းကျင်တွင် လက်နက်ကိုင်များကို မြင်တွေ့ရပါသလား။

ထိုဥပမာများသည် စခန်းစီမံခန့်ခွဲမှုအေဂျင်စီအား စခန်းပတ်ဝန်းကျင်ကို စောင့်ကြည့်လေ့လာစစ်ဆေးခြင်းနှင့် တိုးတက်ကောင်းမွန်စေခြင်းတို့အတွက် လမ်းညွှန်မှုပေးနိုင်ရန် ရိုးစင်းသည့် နည်းလမ်းတစ်ခုဖြစ်သော IRC ၏ စခန်းစီမံခန့်ခွဲမှု ဘေးကင်းလုံခြုံရေးစစ်ဆေးရန် လက်စွဲတွင် ပါဝင်သော အချက်အလက်အချို့ ဖြစ်ပါ သည်။

စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် လေ့လာဆန်းစစ်မှုများ နှင့် GBV နှင့် ဆက်နွယ်သော အခြားအဓိကကျသည့် အခန်းကဏ္ဍများတွင်လည်း ပါဝင်ဆောင်ရွက်ရပါသည်။ ထိုအခန်းကဏ္ဍများတွင် အောက်ပါတို့ ပါဝင်ပါသည်။

- ➔ စခန်း၌ဆောင်ရွက်သော လေ့လာဆန်းစစ်မှုအားလုံးတွင် အသက်အရွယ်နှင့် နောက်ခံအမျိုးမျိုးရှိသည့် အမျိုး သမီး၊ မိန်းကလေးနှင့် ယောကျ်ားလေးများ အပါအဝင် လူထုပါဝင်ဆောင်ရွက်မှု ရှိစေရန် အသိပေးရှင်းလင်း တင်ပြခြင်း
- ➔ လေ့လာဆန်းစစ်မှုအတွက် သတင်းအချက်အလက်များ ပြည့်စုံစွာ ရရှိစေပြီး ဘေးကင်းလုံခြုံ၍ ကျင့်ဝတ် စည်းမျဉ်း များနှင့်အညီ ဆောင်ရွက်စေခြင်း
- ➔ မီးအလင်းရောင် ကောင်းစွာရရှိစေခြင်း၊ ထင်းရှာရေခပ်သွားသည့် လမ်းများတွင် ကင်းလှည့်ပေးခြင်းနှင့် ကျောင်း သို့သွားသော လမ်းများကို စောင့်ကြည့်စစ်ဆေးခြင်းကဲ့သို့ စခန်းများအတွက် သီးခြား အသုံးပြုရသည့် လုံခြုံရေး နည်းဗျူဟာများတွင် ဘေးအန္တရာယ်ကင်းရှင်းရေး စစ်ဆေးမှုရလဒ်များနှင့် လေ့လာဆန်းစစ်မှုများကို ထည့်သွင်း ပေါင်းစပ်ဆောင်ရွက်ခြင်း
- ➔ အကြမ်းဖက်ခံရသူများအတွက် ဆင့်ပွား (စိတ်ပိုင်းဆိုင်ရာ) သို့မဟုတ် တတိယအဆင့် (ဝင်ငွေကဲ့သို့သော အခွင့်အလမ်းများ ဆုံးရှုံးခြင်း) ဒဏ်ရာများ ဖြစ်ပွားစေနိုင်သည့် သို့မဟုတ် ကျန်းမာရေးနှင့် စိတ်ပိုင်းနှင့် လူမှုရေး ဆိုင်ရာ ကူညီစောင့်ရှောက်မှုများကို ရယူလိုခြင်း မရှိအောင် ပိတ်ပင်နေသည့် ရပ်ရွာဓလေ့များ နှင့် ဆက်နွယ် သော သတင်းအချက်အလက်များကို အစဉ်သတိပြုရယူနေခြင်း
- ➔ GBV နှင့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ပူးပေါင်းညှိနှိုင်းမှုကို ဦးဆောင်သူများအား သတင်းအချက်အလက် များ စနစ်တကျ မျှဝေပေးခြင်း ( ဥပမာ - အပတ်စဉ် ညှိနှိုင်းအစည်းအဝေးများမှတစ်ဆင့်)၊ ထိုသို့မျှဝေပေးရာတွင် လျှို့ဝှက်ချက်ထိန်းသိမ်းမှုကို အလေးထားကာ အကြမ်းဖက်ခံရသူအား ဗဟိုပြု၍ ကူညီစောင့်ရှောက်မှု နည်းလမ်း ကို သုံးစွဲရန် အစဉ်အမြဲ သတိထားရပါမည်။
- ➔ GBV အကြမ်းဖက်ခံရသူများအတွက် အကူအညီရယူနိုင်သည့်နေရာများနှင့် ပတ်သက်သည့် သတင်းအချက် အလက်များကို လူထုမှ နားလည်သိရှိ ပံ့ပိုးပေးနိုင်ရန်အတွက် လူထုထံ အသိပညာဖြန့်ဝေမှုနှင့် ကြိုတင် ကာကွယ်မှု လုပ်ငန်းများ လုပ်ဆောင်နေသည့် အဖွဲ့များနှင့် လက်တွဲဆောင်ရွက်ခြင်း
- ➔ စခန်းတစ်ခုလုံးတွင် ယဉ်ကျေးမှု - ကျားမ - အသက်အရွယ်အလိုက် သင့်တော်သော သတင်း အချက်အလက်၊ ဆက်သွယ်ရေးနှင့် ပညာပေးပစ္စည်းများ (ICE) ရရှိနိုင်မှုကို စောင့်ကြည့်စစ်ဆေးရန်နှင့် မရရှိပါက တောင်းခံ ပေးခြင်း
- ➔ စခန်းသို့ မရောက်ရှိမီ GBV ကို တွေ့ကြုံခံစားခဲ့ရသူများအတွက် သင့်တော်သော ကူညီပံ့ပိုးမှုနှင့် စောင့်ရှောက် ကုသမှုများ ရရှိနိုင်သည့် လျှို့ဝှက်ချက်ထိန်းသိမ်းပေးသော သတင်းပေးပို့မှု လုပ်ထုံးလုပ်နည်းများ ရှိနေအောင် ဆောင်ရွက်ခြင်း

## ဘေးကင်းလုံခြုံရေးနှင့် ကျင့်ဝတ်စည်းကမ်းဆိုင်ရာ အကြံပြုချက်များ

"အရေးပေါ်အခြေအနေတွင် လိင်မှုဆိုင်ရာ အကြမ်းဖက်ခြင်းဆိုင်ရာ သုတေသနပြုမှုများ၊ မှတ်တမ်းတင်မှုများနှင့် စောင့်ကြည့်လေ့လာမှုများအတွက် ဘေးကင်းလုံခြုံရေးနှင့် ကျင့်ဝတ်စည်းမျဉ်းဆိုင်ရာ အကြံပြုချက် ရှစ်ခုမှာ-

၁။ လိင်မှုဆိုင်ရာအကြမ်းဖက်မှုအား မှတ်တမ်းတင်ခြင်းကြောင့် ဖြေဆိုပေးသူများနှင့် ရပ်ရွာလူထုအတွက် ရရှိမည့် အကျိုးကျေးဇူးများသည် အန္တရာယ်ကျရောက်နိုင်ခြေထက် ပိုမို ကြီးမားများပြားရမည်။

၂။ သတင်းအချက်အလက်များအား စုဆောင်းခြင်းနှင့် မှတ်တမ်းတင်ခြင်းများကို ပြုလုပ်ရာတွင် ဖြေဆိုပေးသူများ အတွက် အန္တရာယ်ဖြစ်နိုင်ခြေမှာ အနည်းဆုံးဖြစ်ရမည်ဖြစ်ပြီး အသုံးပြုသော နည်းစနစ်များမှာ မှန်ကန်ကောင်းမွန်ကာ လတ်တလော အတွေ့အကြုံများနှင့် ကောင်းမွန်သော ကျင့်ထုံးများကို အခြေပြုကာ ဆောင်ရွက်ရပါမည်။

၃။ လိင်မှုဆိုင်ရာ အကြမ်းဖက်ခံရသူများအနေဖြင့် ၎င်းတို့ကြုံတွေ့ခဲ့ရသည်များကို ဖွင့်ဟပြောဆိုရန် လိုအပ်သည့် မည်သည့်လုပ်ငန်းကိုမဆို မစတင်မီကတည်းက ၎င်းတို့အတွက် အခြေခံကုသစောင့်ရှောက်မှုများ စခန်းတွင်း သို့မဟုတ် စခန်းရှိရာ ဒေသအတွင်း၌ ရှိနှင့်ပြီး ဖြစ်နေရပါမည်။

၄။ လိင်မှုဆိုင်ရာအကြမ်းဖက်မှုအကြောင်း သတင်းအချက်လက်များ စုဆောင်းရာတွင် ပါဝင်ပတ်သက်သူအားလုံး၏ ဘေးအန္တရာယ်ကင်းရှင်းမှုနှင့် လုံခြုံရေးသည် အရေးအကြီးဆုံး အရေးကိစ္စတစ်ခုဖြစ်ပြီး အထူးသဖြင့် အရေးပေါ် အခြေအနေများတွင် စဉ်ဆက်မပြတ် စောင့်ကြည့်စစ်ဆေးနေရပါမည်။

၅။ လိင်မှုဆိုင်ရာ အကြမ်းဖက်နှင့်ပတ်သက်သော သတင်းအချက်အလက်ပေးသူများအတွက် လျှို့ဝှက်ချက် ထိန်းသိမ်း ပေးမှုအား အစဉ်အမြဲ ကာကွယ်ဆောင်ရွက်ပေးရပါမည်။

၆။ လိင်မှုဆိုင်ရာအကြမ်းဖက်မှုအကြောင်း သတင်းအချက်အလက်ပေးမည့်သူတိုင်းအား အချက်အလက် စုဆောင်းမှု မပြုမီ သိသင့်သည်များအားလုံးကို ရှင်းလင်းပြောပြပြီး သဘောတူညီချက်ကို တောင်းခံရပါမည်။

၇။ အချက်အလက်ကောက်ခံသော အဖွဲ့အတွက် အဖွဲ့ဝင်များအားလုံးကို ဂရုတစိုက်ရွေးချယ်ကာ သင့်လျော်သော အထူးပြုသင်တန်းများကို လုံလုံလောက်လောက် သင်ကြားပေးရမည်ဖြစ်သလို စဉ်ဆက်မပြတ် ဆက်လက်ပံ့ပိုးကူညီ သွားရမည်ဖြစ်ပါသည်။

၈။ သတင်းအချက်အလက်စုဆောင်းရာတွင် အသက် ၁၈နှစ် အောက်ကလေးများနှင့် ပတ်သက်နေပါက ကာကွယ် စောင့်ရှောက်မှုများကို ထပ်ဆောင်းပံ့ပိုးပေးရပါမည်။"

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အရေးပေါ်အခြေအနေရှိ လိင်မှုဆိုင်ရာ အကြမ်းဖက်ခြင်းနှင့် သက်ဆိုင်သော သုတေသန ပြုမှုများ၊ မှတ်တမ်းတင်မှုများနှင့် စောင့်ကြည့်လေ့လာမှုများအတွက် ဘေးကင်းလုံခြုံရေးနှင့် ကျင့်ဝတ်စည်းမျဉ်းဆိုင်ရာ အကြံပြုချက်များ၊ WHO ၊ ၂၀၀၇

## GBV ဆိုင်ရာ သတင်းအချက်အလက်များ မျှဝေခြင်း

GBV ဆိုင်ရာ သတင်းအချက်အလက်များ မျှဝေရာတွင် အကြမ်းဖက်ခံရသူကို ဗဟိုပြုကာ ဆောင်ရွက်ရန် လိုအပ်ပြီး အကြမ်းဖက်ခံရသူ၏ ဘေးကင်းလုံခြုံရေး၊ လျှို့ဝှက်ချက်ထိန်းသိမ်းမှု၊ အကြမ်းဖက်ခံရသူအား လေးစားမှု နှင့် ၎င်းအတွက် ပြည့်စုံစွာ သိရှိနားလည်ပြီး ရွေးချယ်ပိုင်ခွင့်ရှိစေရေးတို့ကို သေချာစေရမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက် နိုင်ရန် နည်းလမ်းတစ်ခုမှာ ကျင့်ဝတ်စည်းမျဉ်းနှင့် ကိုက်ညီသော သတင်းအချက်အလက် မျှဝေမှုနှင့် သတင်းပေးပို့မှုပင် ဖြစ်ပါသည်။ အရေးပေါ်အခြေအနေများ စတင်ချိန်နှင့် နောက်ပိုင်းလများတွင် မီဒီယာများ၊ ကုလသမဂ္ဂ ဝန်ထမ်းများ၊ အလှူရှင်များနှင့် NGO အချို့သည် မေးခွန်းတစ်ခုအား တစ်ချိန်လုံးမေးမြန်းနေတတ်ပါသည်။ မိန်းကလေးနှင့် အမျိုးသမီး မည်မျှ အဓမ္မပြုကျင့်ခံရပြီးပြီနည်း သို့မဟုတ် လိင်မှုဆိုင်ရာ အကြမ်းဖက်မှု ခံရနိုင်ခြေရှိပါသလားဟူသော မေးခွန်းပင် ဖြစ်ပါသည်။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် ထိုမေးခွန်းအား ဖြေကြားရာတွင် ထင်ကြေးပေးခြင်း သို့မဟုတ် မှန်းဆ ပြောခြင်းများ မပြုလုပ်သင့်ပါ။ အကယ်၍ GBV အေဂျင်စီများထံမှ အများပြည်သူသိရှိအောင် ဖော်ပြပြောဆိုနိုင်သည့် သတင်းအချက်အလက်များကို ရရှိနိုင်ပါက ထိုအချက်အလက်များကို ပေးနိုင်ပါသည်။ ဥပမာ - အကြမ်းဖက်ခံရကြောင်း

သတင်းပို့မှုများ ၂၀% တိုးပွားလာသည် ဟူသည့် အချက်အလက်မျိုး ဖြစ်ပါသည်။ ထိုသို့မဟုတ်ပါက GBV ကို အထူးပြုသော ကျန်းမာရေးကဏ္ဍမှ လုပ်ဆောင်သူများထံ တိုက်ရိုက်မေးမြန်းရန် ညွှန်ပေးနိုင်ပါသည်။ သို့မဟုတ် မေးခွန်းအား ဦးတည်ချက်ပြောင်းကာ လက်ရှိပတ်ဝန်းကျင်အနေအထားတွင် အမျိုးသမီးများနှင့် မိန်းကလေးများ ကြုံတွေ့နေရသော အန္တရာယ်ဖြစ်နိုင်ခြေ အမျိုးအစားများနှင့်ပတ်သက်၍ သိရှိထားသည်များကို ပြောပြပါ။ ပဋိပက္ခအခြေအနေမျိုးတွင် အထူးသဖြင့် မီဒီယာကို ဖြေကြားသည့်အခါ သီးခြားလူအုပ်စုတစ်စုအား အကြမ်းဖက်ခံရသူ သို့မဟုတ် ကျူးလွန်သူ အဖြစ် သတ်မှတ်ဖော်ထုတ်ခြင်း မပြုသင့်ပါ။ ထိုသို့ ပြုလုပ်ပါက အမျိုးသမီးများနှင့် မိန်းကလေးများအား "အပြစ်ဖို့ရမည့် သူများ" သို့မဟုတ် ၎င်းတို့အား ဖော်ထုတ်ပေးနိုင်သူများအဖြစ် ရှုမြင်သော လက်နက်ကိုင်အုပ်စုများမှ လက်တုံ့ပြန်လာ နိုင်ပါသည်။

## လူထုပါဝင်ဆောင်ရွက်မှု

အမျိုးသမီးများနှင့် မိန်းကလေးများ၏ ဘေးအန္တရာယ်ကင်းရှင်းမှုနှင့် လုံခြုံမှုဆိုင်ရာ အရေးကိစ္စများကို အပြည့်အဝ ကိုင်တွယ်ဖြေရှင်းပေးနိုင်ရန်အတွက် ၎င်းတို့ကိုယ်တိုင်အား စခန်းလုပ်ငန်းများ အစီအစဉ်ရေးဆွဲမှုတွင် ပါဝင်ဆောင်ရွက် စေရပါမည်။ အမျိုးသမီးများ၊ မိန်းကလေးများနှင့် တိုင်ပင်ဆွေးနွေးမှုမရှိဘဲ ရေးဆွဲခဲ့သော အစီအစဉ်များ သို့မဟုတ် ၎င်းတို့ ပါဝင်ဆောင်ရွက်မှုမရှိဘဲ အကောင်အထည်ဖော်သော အစီအစဉ်များသည် ၎င်းတို့ ရင်ဆိုင်ကြုံတွေ့ရမည့် အန္တရာယ် ဖြစ်နိုင်ခြေများကို တိုးပွားစေနိုင်ပါသည်။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် စခန်းကော်မတီများနှင့် အခြား ဆုံးဖြတ်ချက် ချမှတ်သော အဖွဲ့အစည်းများတွင် အမျိုးသမီးရော အမျိုးသားများပါ တန်းတူညီမျှ ပါဝင်ဆောင်ရွက်နိုင်ရန်နှင့် အမျိုးသမီး များအတွက် အဓိပ္ပါယ်ပြည့်ဝစွာ ပါဝင်ဆောင်ရွက်နိုင်သည့် ဘေးကင်းသော နေရာတစ်ခုရှိရန် လုပ်ဆောင်ပေးသင့်ပါသည်။ မည်သည့် ကြိုတင်ကာကွယ်မှုလုပ်ငန်းတွင်မဆို အမျိုးသားများနှင့် ယောကျ်ားလေးများအား ဆက်သွယ်ဝင်ရောက် ဆောင်ရွက်စေရန် အလွန်အရေးကြီးပါသည်။ ကာကွယ်စောင့်ရှောက်မှုများကို တိုးတက်ကောင်းမွန်စေမည့် အခြားသော စခန်းတွင်းလုပ်ဆောင်ချက်များတွင် အောက်ပါတို့ ပါဝင်ပါသည်။

- စခန်းစီမံခန့်ခွဲမှုအဖွဲ့တွင် အမျိုးသမီးဝန်ထမ်းများအား ခန့်အပ်ကာ လေ့ကျင့်သင်ကြားပေးခြင်း
- အခြားသော အေဂျင်စီများမှ အမျိုးသမီးဝန်ထမ်းများ ခန့်ထားမှုကို အားပေးခြင်း
- စခန်းတွင်းတွင် အလုပ်လုပ်သော ဝန်ထမ်းများအားလုံးအား ယူနီဖောင်း သို့မဟုတ် နံမည်ကတ်ပြား အသုံးပြုကာ ကွဲကွဲပြားပြားသိရှိနိုင်အောင် ဆောင်ရွက်ထားခြင်း၊ အလုပ်တာဝန်များကို လူထုအား စာဖြင့် ရေးသားပေးထား ခြင်းဖြင့် တိုင်တန်းမှုများ ရှိခဲ့ပါက ဆက်လက်ဆောင်ရွက်ရာတွင် လွယ်ကူချောမွေ့နိုင်ပါသည်။
- စခန်းဝန်ထမ်းများအားလုံးသည် ကျားမလူမှုကဏ္ဍနှင့် GBV ဆိုင်ရာ သင်တန်းများ ရရှိပြီးဖြစ်ကြောင်း သေချာ စေခြင်း

### သင်တန်းပေးရန် အရေးကြီးပါသည်

စခန်းစီမံခန့်ခွဲမှုအဖွဲ့ဝင်များအား စခန်းနေရာတစ်ခုသို့ စောင့်ကြည့်စစ်ဆေးသူများ၊ သင်တန်းဆရာများ၊ နည်းပြများ၊ ကွင်းဆင်းဝန်ထမ်းများ သို့မဟုတ် ကြီးကြပ်သူများအဖြစ် မစေလွှတ်မီ စခန်းစီမံခန့်ခွဲမှုအေဂျင်စီ သည် ထိုအဖွဲ့ဝင်များအား GBV လမ်းညွှန်မူဝါဒများနှင့် လွှဲပြောင်းညွှန်းပို့မှု လမ်းကြောင်းများအကြောင်း သင်တန်းပေးရန်အတွက် GBV ကျွမ်းကျင်ပညာရှင်များဖြင့် လက်တွဲဆောင်ရွက်သင့်ပါသည်။

## ကာကွယ်စောင့်ရှောက်မှုစနစ်များ

GBV အကြမ်းဖက်ခံရသူများတွင် လိုအပ်ချက်အမျိုးမျိုး ရှိပြီး ထိုလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ဝန်ဆောင်မှုပေးသူများအကြား ပူးပေါင်းဆောင်ရွက်မှု ရှိရန် အရေးကြီးပါသည်။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် စခန်းတွင်းရှိ အကြမ်းဖက်ခံရသူများအတွက် ပူးပေါင်းညှိနှိုင်းသော၊ လျှို့ဝှက်ချက်ထိန်းသိမ်းပေးသော၊ သင့်တော်သော လွှဲပြောင်း ညွှန်းပို့မှုနှင့် သတင်းပို့မှု ယန္တရားကို တည်ထောင်ရာတွင် နိုင်ငံအာဏာပိုင်များအပါအဝင် တာဝန်ရှိသည့် GBV နှင့် ကာကွယ်စောင့်ရှောက်မှု အဖွဲ့အစည်းများနှင့် သင့်တော်သလို ပူးပေါင်းဆောင်ရွက်ရပါမည်။

အကြမ်းဖက်ခံရသူများအတွက် ကျန်းမာရေး၊ ကုသစောင့်ရှောက်မှု၊ စိတ်ပိုင်းဆိုင်ရာနှင့် လူမှုရေးဆိုင်ရာ ဝန်ဆောင်မှု၊ ဥပဒေရေးရာ၊ ဘေးကင်းလုံခြုံမှုနှင့် အခြားဝန်ဆောင်မှုများအတွက် တာဝန်ရှိသော အေဂျင်စီများသည် ဝန်ဆောင်မှုများကို လေ့လာခြင်းနှင့်

လွှဲပြောင်းညွှန်းပို့မှုစနစ် တည်ထောင်ခြင်းတို့တွင် ပါဝင်ဆောင်ရွက်သင့်ပါသည်။ အကြမ်းဖက်ခံရသူ များအတွက် လျှို့ဝှက်ချက်ထိန်းသိမ်းပေးရန်နှင့် ပြည့်စုံစွာသိနားလည်ပြီး သဘောတူညီချက် ရယူရန် လမ်းညွှန်များကို ချမှတ်ရာတွင်လည်းကောင်း၊ လွှဲပြောင်းညွှန်းပို့မှု၊ မှတ်တမ်းတင်မှု၊ သတင်းအချက်အလက်မျှဝေပေးမှုနှင့် ပုံမှန်ညှိနှိုင်း ဆောင်ရွက်မှုတို့အတွက် လုပ်ငန်းယန္တရားများ ချမှတ်ရာတွင်လည်းကောင်း လွှဲပြောင်းညွှန်းပို့မှုစနစ်အတွင်းရှိ အေဂျင်စီများ အားလုံး၏ သဘောတူညီချက်ကို ရယူရပါမည်။ GBV ပူးပေါင်းညှိနှိုင်းမှုအေဂျင်စီသည် လွှဲပြောင်းညွှန်းပို့မှုစနစ် ကောင်းစွာလည်ပတ်မှုရှိကြောင်း သေချာစေရန် တာဝန်ရှိပါသည်။ ထိုစနစ် ကောင်းစွာလည်ပတ်နေစေရန် ဝန်ဆောင်မှု ပေးသူများကြား ချိတ်ဆက်မှုများ ပြုလုပ်ခြင်းနှင့် ထိုချိတ်ဆက်မှုများကို အားကောင်းစေခြင်း၊ စနစ်နှင့်ပတ်သက်၍ ပေါ်ပေါက်လာသော ပြဿနာ မှန်သမျှကို ဆွေးနွေးရန်အတွက် ပုံမှန်အစည်းအဝေးအချိန်ဇယားများ ရေးဆွဲသတ်မှတ်ခြင်း၊ လွှဲပြောင်းညွှန်းပို့မှု ဖောင်ပုံစံများနှင့် ဒေသန္တရအဆင့်တွင် ရရှိနိုင်သော ဝန်ဆောင်မှုပေးသူများ လမ်းညွှန်တစ်ခုကို ပြုစုခြင်း နှင့် အချိန်နှင့်တစ်ပြေးညီ ပြောင်းလဲပြင်ဆင်ပေးခြင်းတို့ လိုအပ်ပါသည်။

စခန်းစီမံခန့်ခွဲမှုအေဂျင်စီမှ အကြမ်းဖက်ခံရသူများအတွက် လွှဲပြောင်းညွှန်းပို့မှုစနစ်သည် အဘယ်ကြောင့် လိုအပ်ကြောင်း သိရှိရမည်ဖြစ်ပြီး တိုးတက်ကောင်းမွန်လာအောင် ဖြည့်ဆည်းဆောင်ရွက်ပေးရမည့် နေရာများတွင် နိုင်ငံတကာလမ်းညွှန်များနှင့်အညီ လုပ်ဆောင်ပေးရန် လိုအပ်ပါသည်။ နိုင်ငံအဆင့် စနစ်များ လည်ပတ်မှု မရှိပါက အမျိုးသမီးအဖွဲ့ များအား သင့်တော်သည့် စွမ်းဆောင်ရည်မြှင့်တင်မှုများ ပြုလုပ်ပေးပြီးနောက် လွှဲပြောင်းညွှန်းပို့မှုစနစ်အတွက် တာဝန်ခံများအဖြစ် ထားရှိနိုင်ပါသည်။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် လူမှုအဖွဲ့ အစည်း တစ်ခု၊ အခြေအနေတစ်ခုအတွက် မည်သည်က အသင့်တော်ဆုံးဖြစ်မည်ကို ရွေးချယ်ဆုံးဖြတ်နိုင်ပြီး ရွှေ့ပြောင်းနေထိုင်ရသည့် သီးခြားအခြေအနေတစ်ခုစီအတွက် သင့်တော်သော အရေးယူဆောင်ရွက်မှုများ ပြုလုပ်နေကြောင်း သေချာစေရမည်ဖြစ်ပါသည်။

## GBV ဖြစ်နိုင်ခြေများကို ကောင်းစွာသိရှိကာ ထည့်သွင်းစဉ်းစားထားသော နေထိုင်စရာ နှင့် စခန်းနေရာ စီမံကိန်း ရေးဆွဲမှု

သင့်လျော်၍ ဘေးကင်းလုံခြုံသည့် နေထိုင်စရာပေးခြင်းသည် ကာကွယ်စောင့်ရှောက်မှုကို အားကောင်းစေသော နည်းလမ်းတစ်ခု ဖြစ်ပါသည်။ နေရပ်စွန့်ခွာ ရွှေ့ပြောင်းလာသော လူအုပ်စုများ နေထိုင်သည့် စခန်းနေရာများ လုံခြုံရေးကို အလေးထားကာ စီမံကိန်းများကို ရေးဆွဲပြီး နေထိုင်စရာများမှာ ဘေးကင်းလုံခြုံကာ နိုင်ငံတကာမှ သဘောတူထားသည့် စံနှုန်းများနှင့် ကိုက်ညီပါက GBV ကျူးလွန်မှု အများအပြားကို ကြိုတင်ကာကွယ်နိုင်ပါသည်။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် လုံခြုံရေးကို ဦးတည်ပြီး ကျားမလူမှုကဏ္ဍကွဲပြားမှုကို နားလည်သော ယဉ်ကျေးမှုနှင့်ကိုက်ညီသည့် နေထိုင်စရာများ ဖြစ်စေရန်အတွက် အဖွဲ့ အစည်းများအကြား ညှိနှိုင်းဆောင်ရွက်မှု အားကောင်းစေရန်နှင့် ရပ်ရွာလူထုများ၊ အထူးသဖြင့် အမျိုးသမီးများ တက်ကြွစွာပါဝင်စေရန် ဆောင်ရွက်သင့်ပါသည်။ စခန်း၏ အခင်းအကျင်းအဆင်အပြင်သည် စခန်းလူထုနှင့် မိသားစုများအတွက် သီးသန့်ရှိမှု၊ ဘေးကင်းမှုနှင့် လုံခြုံမှုများ ပေးနိုင်ရမည်ဖြစ်သလို ရပ်ရွာအကျိုးသယ်ပိုးလိုစိတ်နှင့် ရပ်ရွာ အခြေပြု ကာကွယ်စောင့်ရှောက်မှု လုပ်ငန်းများကိုလည်း အားဖြည့်ပေးနိုင်ရမည် ဖြစ်ပါသည်။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီ၏ အဓိကကျသည့် အခြား အခန်းကဏ္ဍများတွင် အောက်ပါတို့ ပါဝင်ပါသည်။

- အန္တရာယ်ဖြစ်နိုင်ခြေများကို အနည်းဆုံးလျှော့ချနိုင်ရန်အတွက် အိမ်သာများနှင့် အခြား အများသုံး ဝန်ဆောင် အဆောက်အဦးများအပါအဝင် စခန်း၏ အခင်းအကျင်းအစီအစဉ်အား အမျိုးသမီးများ နှင့် မိန်းကလေးများ အပါအဝင် ရပ်ရွာလူထု၏ ပါဝင်ဆောင်ရွက်မှုဖြင့် ရေးဆွဲချမှတ်ခြင်း
- ရွှေ့ပြောင်းနေထိုင်ရသူများအား စုစည်းနေထိုင်ရာနေရာများတွင်သာ ထားရမည်ဆိုပါက မိသားစု တစ်စုနှင့်တစ်စု ကြား၊ အမျိုးသားနှင့် အမျိုးသမီးများကြား သင့်တော်သည့် အကာအရံများ ကာရံပေးခြင်း၊ နေရာနှင့် သီးသန့် လုံခြုံရှိမှုတို့ကို လုံလုံလောက်လောက် စီစဉ်နေရာချထားပေးခြင်း၊ ဖြစ်နိုင်ပါက သော့ခတ်နိုင်သော တံခါးများကိုပါ စီစဉ်ပေးခြင်း၊ အမျိုးသမီးများ ဦးစီးနေရသော အိမ်ထောင်စုများအတွက် သီးခြား ကာကွယ်စောင့်ရှောက်မှုများ ပံ့ပိုးပေးခြင်း
- ကလေးများအတွက် အသုံးပြုသောနေရာများသည် အန္တရာယ်လုံခြုံမှုရှိပြီး ရပ်ရွာလူထုမှ စောင့်ကြည့် ကြီးကြပ်ပေးနိုင်သည့် နေရာများဖြစ်ရန် စီစဉ်ဆောင်ရွက်ပေးခြင်း
- စီစဉ်ဆောင်ရွက်ပေးမည့် နေထိုင်စရာများသည် ယဉ်ကျေးမှုနှင့် ကိုက်ညီခြင်း ရှိ၊ မရှိ စစ်ဆေးခြင်း၊ ဥပမာ - အချို့ သော အခြေအနေများတွင် အိမ်ထောင်မရှိသော အမျိုးသမီးများ သို့မဟုတ် အိမ်ထောင်ကွဲ အမျိုးသမီးများအား တစ်စုတည်း သီးခြားထားခြင်းသည် ယဉ်ကျေးမှုအရ လက်ခံနိုင်ဖွယ် မရှိသည်ကို ထည့်သွင်းစဉ်းစားရမည်။

- ➔ အများပြည်သူအသုံးပြုသော နေရာများကို မီးထွန်းပေးရန်၊ အထူးသဖြင့် အိမ်သာများ၊ ရေချိုးခန်းများနှင့် လူများ အသုံးပြုရန် မီးအလင်းရောင်များ၊ ဥပမာ လက်နှိပ်ဓာတ်မီးနှင့် မိသားစုများ၏ မီးအိမ်များအတွက် နေစွမ်းအင် ကဲ့သို့ သင့်တော်ရာ အခြား စွမ်းအင်ရင်းမြစ်များကို လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များတွင် စနစ်တကျ ထည့်သွင်း စဉ်းစားကာ စီစဉ်ဆောင်ရွက်ပေးခြင်း
- ➔ လောင်စာသက်သာသော မီးဖိုများအပါအဝင် အကောင်းဆုံးနည်းလမ်းများအား ရပ်ရွာလူထု ဆန်းစစ်လေ့လာမှု ပေါ်တွင် အခြေခံကာ အခြားသော လောင်စာများကို မိတ်ဆက်ဆောင်ရွက်ပေးခြင်း
- ➔ အမျိုးသမီးများအတွက် လိင်ပိုင်းနှင့် မျိုးဆက်ပွားကျန်းမာရေး၊ အခြားသော ပညာရပ်ဆိုင်ရာ အထူး ကျွမ်းကျင်မှု လိုအပ်သော ဝန်ဆောင်မှုများ အပါအဝင် ကိစ္စရပ်အမျိုးမျိုးနှင့် သက်ဆိုင်သည့် သတင်း အချက်အလက်များကို မျှဝေနိုင်ရန်နှင့် လက်လှမ်းမီ ရရှိနိုင်ရန် အမျိုးသမီးများ အဆင်ပြေလွယ်ကူစွာ တွေ့ဆုံဆွေးနွေးနိုင်သည့် နေရာ များ သတ်မှတ်ထားရှိပေးခြင်း

☛ ထပ်မံ သိလိုသည်များ ရှိပါက - အခန်း (၇) စခန်းတည်ထောင်ခြင်းနှင့် ပိတ်သိမ်းခြင်း - တွင် ပါရှိသည့် စခန်းနေရာ အစီအစဉ်ရေးဆွဲခြင်းတွင် ကြည့်ပါ။

### ကွင်းဆင်းဆောင်ရွက်သူများထံမှ ပြောဆိုချက် - လက်တွေ့ကာကွယ်စောင့်ရှောက်မှုပေးခြင်း - စခန်းတစ်ခုအတွင်း ကျားမ တန်းတူညီမျှမှု၏ အကျိုးသက်ရောက်မှုများ

ရွှေ့ပြောင်းနေထိုင်ရမှု ဖြစ်ပွားပြီးနောက်တွင် ရွှေ့ပြောင်းနေထိုင်ရသော လူထုများထဲတွင် အမျိုးသမီးများသည် အမျိုးသားများထက် ပိုများပြီး အထူးသဖြင့် အမျိုးသမီး ဦးဆောင်ရသော အိမ်ထောင်စုများ ပါဝင်နှုန်းမှာ အလွန်မြင့်မား ပါသည်။ ထို့ကြောင့် စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများကို သတ်မှတ်ဖော်ထုတ် သင့်ပြီး ကူညီထောက်ပံ့မှုများနှင့် ကာကွယ်စောင့်ရှောက်မှုလုပ်ငန်းများကို သင့်တော်သလို ဆောင်ရွက်ပေးသင့်ပါသည်။ သို့သော် တောင်အာရှ ဆူနာမီဖြစ်ပွားအပြီးတွင် အခြေအနေမှာ များစွာ ကွာခြားနေခဲ့ပါသည်။ အင်ဒိုနီးရှား၏ အချို့ ဒေသများတွင် သေဆုံးသော အမျိုးသမီးများမှာ အမျိုးသားများထက် လေးဆပိုများပြီး သီရိလင်္ကာ နိုင်ငံ၏ အချို့ ဒေသများတွင် နှစ်ဆ ပိုမို သေဆုံးပါသည်။

ထိုသို့ဖြစ်ရခြင်း၏ အကြောင်းရင်းများမှာ ဆူနာမီ ဖြစ်ပွားခဲ့သည့် နေရာနှင့် အချိန်ကြောင့်ဖြစ်ပြီး အမျိုးသမီးများသည် ကမ်းခြေအနီးတွင် ငါးများ အခြောက်လှန်းနေခြင်း သို့မဟုတ် ရေချိုးနေခြင်း၊ ၎င်းတို့နှင့်အတူ ကလေးများလည်း ရှိနေခြင်း သို့မဟုတ် ၎င်းတို့အား ပိုမိုလေးလံစေကာ ရေအောက်သို့ နစ်မြုပ်သွားစေသော အဝတ်အစားများကို ဝတ်ဆင် ထားခြင်း စသည့် အချက်များအားလုံးသည် ထွက်ပြေးမှုကို နှေးကွေးစေပြီး အမျိုးသမီးများ သေဆုံးနှုန်းကို မြင့်မား စေသည့် အကြောင်းများ ဖြစ်လာပါသည်။ ထို့ကြောင့် ဆူနာမီအပြီးတွင် စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် အထူး လိုအပ်ချက်များရှိသည့် အုပ်စုအသစ်များဖြစ်သည့် ကလေးငယ်များနှင့် ကျန်ခဲ့သော မုဆိုးဖိုများ သို့မဟုတ် ဖခင် တစ်ဦးတည်း ဦးဆောင်ရသော အိမ်ထောင်စုများ၏ အရေးကိစ္စများကို ကိုင်တွယ်ဖြေရှင်းပေးရပါသည်။

အေဂျင်စီများသည် ထိုမျှ များပြားသော ဖခင်တစ်ဦးတည်း ဦးဆောင်ရသည့် အိမ်ထောင်စုများနှင့် အလုပ်လုပ်ရသည် အတွေ့အကြုံ နည်းပါးသဖြင့် ကာကွယ်စောင့်ရှောက်မှုလုပ်ငန်းများ၏ သက်ရောက်မှုများကို စစ်ဆေးသိရှိရန် အချိန်ယူ ခဲ့ရပါသည်။ သီရိလင်္ကာနိုင်ငံမြောက်ပိုင်းတွင် တွေ့ဆုံမေးမြန်းခဲ့သော အမျိုးသမီးများ၏ ပြောပြချက်အရ အမျိုးသား အများစုသည် ၎င်းတို့၏ ကလေးများကို ပြုစုစောင့်ရှောက်ခြင်းနှင့် အိမ်မှုကိစ္စများကို ဆောင်ရွက်လိုခြင်း မရှိကြ သို့မဟုတ် ဆောင်ရွက်နိုင်ခြင်း မရှိကြဟု သိရပါသည်။ ထို့အတွက်ကြောင့် ထိုဝန်ထုပ်ဝန်ပိုးသည် အဘွားအိုများနှင့် မိန်းကလေးငယ်များအပါအဝင် ဆွေမျိုးများထဲမှ အသက်ရှင်ကျန်ရစ်သော အမျိုးသမီးများပေါ်သို့ ကျရောက်လာပါသည်။ ၎င်းတို့၏ မိခင်များ ထမ်းဆောင်ရမည့် အိမ်မှုကိစ္စများကို ထမ်းဆောင်ရန်အတွက် ကျောင်းမှ ထွက်ကြရသည့် မိန်းကလေးငယ်များသည် ရှိလာပါသည်။ အမျိုးသမီး အများအပြားမှာ ကိုယ်ပိုင်မိသားစုတာဝန်များလည်း ရှိနေချိန်တွင် ဆွေမျိုးများအတွက်ပါ တာဝန်ယူပေးရသောအခါ ဝန်ပိလာသည်ဟု ခံစားကြရပါသည်။ အမျိုးသားများသည် အိမ်ထောင် မရှိဘဲ ကြာရှည်မနေလိုကြဘဲ အမျိုးသမီးများစွာမှာ သေဆုံးသွားကြသည့်အတွက် အတင်းအကြပ် အိမ်ထောင်ပြု ခိုင်းခြင်းများနှင့် အရွယ်မတိုင်မီ အိမ်ထောင်ပြုခိုင်းခြင်းများ ရုတ်ခြည်းတိုးပွားလာသည်ဟု အမျိုးသမီးများက ညည်းညူ ပြောပြကြပါသည်။

## ပေ့ခြင်းများနှင့် ဝန်ဆောင်မှုများ

အများအားဖြင့် လူသားချင်းစာနာထောက်ထားမှု အေဂျင်စီများသည် အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ အခြေခံ လိုအပ်ချက်များကို ဖြည့်ဆည်းပေးမည့် ကူညီထောက်ပံ့မှုများကို ပေးခြင်းဖြင့် ၎င်းတို့၏ လတ်တလော ဘေးကင်းမှုနှင့် လုံခြုံမှုတို့ကို တိုးတက်စေနိုင်ပါသည်။ ပစ္စည်းထုတ်ယူခွင့်ကဒ်ပြားများ သို့မဟုတ် ကူပွန်များ၊ ပလတ်စတစ်အခင်းများ၊ အစားအစာနှင့် အခြားသော လူသားချင်းစာနာထောက်ထားမှု ပစ္စည်းများကို အမျိုးသမီး ဦးဆောင်သော အိမ်ထောင်စု များမှ တစ်ဆင့် ဖြန့်ဝေပေးခြင်းဖြင့် အမျိုးသမီးများနှင့် မိန်းကလေးငယ်များမှ ကူညီ ထောက်ပံ့မှုများကို လက်လှမ်းမီမှုအား သေချာစေရန် အထောက်အကူပြုပါသည်။ သို့သော် ထိုနည်းလမ်းသည် အမျိုးသမီးများနှင့် မိန်းကလေးများအား အကြမ်းဖက်မှုများကို မရည်ရွယ်ဘဲ တိုးပွားစေနိုင် ပါသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့၏ ပါဝင်ဆောင်ရွက်မှုသည် ရိုးရာဓလေ့ထုံးစံအရ သတ်မှတ်ထားသည့် ကျား၊မ လူမှုကဏ္ဍများနှင့် လူမှုရေးကဏ္ဍများကို ထိခိုက်စေကောင်း ထိခိုက်နိုင်သောကြောင့် ဖြစ်ပါသည်။ စခန်းစီမံခန့်ခွဲမှု အေဂျင်စီသည် မည်သည့် ဝေငှမှုနည်းလမ်းများက အရင်းအမြစ်များအား သာတူညီမျှ လက်လှမ်းမီမှုအား အကောင်းဆုံး အထောက်အကူပြုနိုင်ပြီး တစ်ချိန်တည်းတွင် အန္တရာယ်ဖြစ်နိုင်ခြေများကိုလည်း အနည်းဆုံးဖြစ်အောင် လျှော့ချပေးနိုင် မည်ဆိုသည်ကို ဆန်းစစ်လေ့လာ၊ စောင့်ကြည့်စစ်ဆေးရန် အရေးကြီးပါသည်။ ပစ္စည်းများဝေငှခြင်းနှင့် အခြေခံလိုအပ်ချက် များ ပြည့်မီစေခြင်းနှင့် ဆက်နွယ်သည့် စခန်းစီမံခန့်ခွဲမှုအေဂျင်စီ၏ အခြားသော အဓိကကျသည့် အခန်းကဏ္ဍများတွင် အောက်ပါတို့ ပါဝင်ပါသည်။

- ➔ အစားအစာနှင့် လူသုံးပစ္စည်းများ ဝေငှမှုအား စခန်းလူထု၊ အထူးသဖြင့် နောက်ခံအမျိုးမျိုးရှိသည့် အသက်အရွယ်စုံ အမျိုးသမီးများ၏ တိုက်ရိုက်ပါဝင်ဆောင်ရွက်မှုဖြင့် ဆောင်ရွက်ရန် ပစ္စည်းများဝေငှသည့် မိတ်ဖက်များအား ရှင်းလင်းဆွေးနွေးပေးခြင်း
- ➔ ထင်းလောင်စာ စုဆောင်းခြင်းနှင့် လုံခြုံမှုမရှိသော သို့မဟုတ် တည်ငြိမ်မှုမရှိသော အခြားလုပ်ဆောင်ချက်များနှင့် ဆက်နွယ်သည့် အန္တရာယ်ဖြစ်နိုင်ခြေများကို ကိုင်တွယ်ဖြေရှင်းရန် ဒီဇိုင်းပုံစံ ရေးဆွဲထားသော လုပ်ငန်းများကို အားပေးမြှင့်တင်ခြင်း၊ ထိုလုပ်ငန်းများထဲတွင် အခြားလောင်စာများကို သုံးစွဲရန် အားပေးခြင်း၊ ထင်းရှာထွက်ရာ နေရာများတွင် ကင်းလှည့်ပေးခြင်း သို့မဟုတ် အလားတူ လုပ်ငန်းများ ပါဝင်နိုင်ပါသည်။
- ➔ စားနပ်ရိက္ခာဖူလုံမှုနှင့် အသက်မွေးဝမ်းကျောင်းနည်းဗျူဟာများကို အထူးသဖြင့် မဖွယ်မရာပြုမှု၊ အမြတ်ထုတ်မှု နှင့် ပစ်ပယ်မှုများ ခံရနိုင်ခြေ အများဆုံးသူများအတွက် အားပေးချမှတ်ဆောင်ရွက်ခြင်း၊ ထိုလုပ်ငန်းများသည် ရှားပါးသော အရင်းအမြစ်များအတွက် ပြိုင်ဆိုင်ရမှု၊ ရပ်ရွာတွင်းနှင့် အိမ်ထောင်စုတွင်း တင်းမာမှုများ သို့မဟုတ် အကြမ်းဖက်မှုများကိုလည်း လျှော့နည်းသွားစေရန် အထောက်အကူ ဖြစ်ပါသည်။
- ➔ မျိုးဆက်ပွားနိုင်သည့် အသက်အရွယ်အတွင်းရှိ အမျိုးသမီးများ၏ တစ်ကိုယ်ရေသန့်ရှင်းရေး လိုအပ်ချက်များကို ဖြည့်ဆည်းပေးသည့် ပစ္စည်းပုံးများကို ပုံမှန်အဆက်မပြတ် ဝေငှပေးရန် အသိပေး ရှင်းလင်းဆွေးနွေးခြင်းသည် ဂုဏ်သိက္ခာကို ပြန်လည်ထိန်းသိမ်းပေးနိုင်ရန် ကူညီပြီး အခြေခံ တစ်ကိုယ်ရေသန့်ရှင်းမှုနှင့် ကျန်းမာရေးကို တိုးတက်စေပါသည်။ ထိုပစ္စည်းပုံးများတွင် တစ်ကိုယ်ရည်သန့်ရှင်းမှု ပစ္စည်းများ၊ ဆပ်ပြာ၊ ရေပုံးနှင့် သန့်ရှင်းသော အတွင်းခံအဝတ်များ ပါဝင်တတ်ပါသည်။ ထိုပစ္စည်းများကို ရရှိအသုံးပြုနိုင်ခြင်းဖြင့် အမျိုးသမီးများနှင့် မိန်းကလေး ငယ်များသည် ရေခပ်ခြင်းနှင့် အစားအစာများ ရှာဖွေစုဆောင်းခြင်း သို့မဟုတ် ကျောင်းတက်ခြင်းကဲ့သို့ အိမ်ပြင် ထွက်ကာ လုပ်ရသော လုပ်ငန်းများကို ပြန်လည်လုပ်ကိုင်လာနိုင်စေပါသည်။

## ရပ်ရွာလူထုအား အသိပညာဖြန့်ဝေပေးခြင်း

GBV တွင် မည်သို့သော အကြမ်းဖက်မှုပုံစံများ ပါဝင်သည်၊ မည်မျှပျံ့နှံ့ဖြစ်ပွားနေသည်ကို နားလည်သိရှိမှု မရှိခြင်း၊ လူမှုအသိုင်းအဝိုင်း၏ စိတ်နေသဘောထား၊ GBV အား ကိုင်တွယ်ဖြေရှင်းပေးမည့် ဥပဒေရေးရာ ဖွဲ့စည်းတည်ဆောက်ပုံများ မရှိခြင်းတို့က ထိုကိစ္စရပ်အား ပွင့်လင်းစွာ ဆွေးနွေးရန် ခက်ခဲစေပါသည်။ ထို့ကြောင့် GBV အား သတ်မှတ် ဖော်ထုတ်နိုင်ရန်နှင့် နားလည်သဘောပေါက်ရန်၊ GBV အား ကာကွယ်ရာတွင် အားကြိုးမာန်တက် ပါဝင်လာစေရန် တို့အတွက် လူထုအား အသိပညာဖြန့်ဝေမှုများ ပိုမို ပြုလုပ်ပေးရန် လိုအပ်ပါသည်။ ထိုလုပ်ငန်းများတွင် အမျိုးသားများနှင့် ယောကျ်ားလေးများ ပါဝင်လာအောင် ဦးတည်ဆောင်ရွက်သင့်ပြီး အထူးသဖြင့် ကနဦးအရေးပေါ်အခြေအနေ၌ တုံ့ပြန် ဆောင်ရွက်မှုများတွင် သင့်လျော် မှန်ကန်သော သတင်းစကားများပေးခြင်းနှင့် လုံခြုံမှုအတွက် ဆောင်ရွက်ပေးခြင်းတို့ သေချာစေရန်အတွက်

ကျွမ်းကျင်ပညာရှင်များနှင့် နီးကပ်စွာ ပူးပေါင်းညှိနှိုင်း၍ ဒီဇိုင်းပုံစံရေးဆွဲခြင်းတို့ကို ဆောင်ရွက် သင့်ပါသည်။ ရှိနေသော မကျေနပ်ချက် တိုင်တန်းမှု လုပ်ငန်းယန္တရားများအကြောင်းကို စခန်းတွင်းနေထိုင်သူများအား အသိပေးသင့်ပြီး တိတိကျကျ ဆိုရလျှင် မည်သည့်အခြေအနေတွင် မည်သည့် ဝန်ဆောင်မှုများကို မည်သူများက ရယူပိုင်ခွင့်ရှိသည် ဆိုသည့်အချက်ကို အသိပေးထားရမည်ဖြစ်သည်။ ရပ်ရွာလူထုအား အသိပညာဖြန့်ဝေရာတွင် စခန်းစီမံ ခန့်ခွဲမှုအေဂျင်စီ၏ အဓိကကျသော အခန်းကဏ္ဍများတွင် အောက်ပါတို့ ပါဝင်ပါသည်။

- ရပ်ရွာလူထုအား GBV ဝန်ဆောင်မှုများအကြောင်း သတင်းအချက်အလက်များပေးနိုင်မည့် သင့်တော်သော နည်းလမ်းများကို သတ်မှတ်ဖော်ထုတ်နိုင်ရန်အတွက် GBV လွှဲပြောင်းညွှန်းပို့မှု လမ်းကြောင်းအတွင်းရှိ GBV လုပ်ငန်းအဖွဲ့များ၊ GBV လုပ်ဆောင်သူများနှင့် အေဂျင်စီများနှင့် လက်တွဲဆောင်ရွက်ခြင်း၊ ထိုအထဲတွင် ယေဘုယျအားဖြင့် ရပ်ရွာလူထုအတွက် ကွင်းဆင်းခြင်း/ အသိပညာဖြန့်ဝေခြင်း လုပ်ငန်းများ၊ ကျန်းမာရေးဌာန များတွင် ပိုစတာများကပ်ခြင်း သို့မဟုတ် စခန်းတွင်း သတင်းအချက်အလက် ဖြန့်ဝေရာနေရာများ၊ ရေဒီယို နားထောင်နိုင်သည့်နေရာများ သို့မဟုတ် ဇာတ်လမ်းများ၊ ကဇာတ်များနှင့် သတင်းအချက်အလက်၊ ဆက်သွယ် ရေး နှင့် ပညာပေးပစ္စည်းများ ပါဝင်နိုင်ပါသည်။
- စခန်းစီမံခန့်ခွဲမှုအေဂျင်စီနှင့် လက်တွဲလုပ်ဆောင်နေသော ဝန်ထမ်းများနှင့် လုပ်အားပေးများသည် GBV လွှဲပြောင်းညွှန်းပို့မှု လမ်းကြောင်းများနှင့် GBVလမ်းညွှန်မူဝါဒများကို နားလည်သိရှိပြီး ထိုသတင်း အချက်အလက်များအား လျှို့ဝှက်ထိန်းသိမ်းစွာနှင့် အကြမ်းဖက်ခံရသူကို ဦးတည်ကူညီသော နည်းလမ်း များဖြင့် ဆက်သွယ်အသိပေးနိုင်ရပါမည်။
- GBV လွှဲပြောင်းညွှန်းပို့မှုလမ်းကြောင်းနှင့် လူထုထံ အရောက်ပို့ပေးမည့် သတင်းစကားများကို အခြားကဏ္ဍများနှင့် လုပ်ဆောင်သူများအား မျှဝေပေးနိုင်ရန် နှင့် စခန်းလူထုအတွင်း လုပ်ငန်းများ ဆောင်ရွက်နေသည့် ၎င်းတို့၏ အဖွဲ့ များအတွက် လမ်းညွှန်မှုများပေးရန် GBV လုပ်ဆောင်သူများနှင့် အတူ လက်တွဲဆောင်ရွက်ခြင်း

☛ GBV လမ်းကြောင်းနှင့် ပတ်သက်၍ ထပ်မံသိလိုသည်များ ရှိပါက UNFPA ၊ UNHCR နှင့် IRC တို့၏ ကျားမ လူမှုကဏ္ဍကွဲပြားမှုကိုအခြေခံသော အကြမ်းဖက်မှု သတင်းစီမံခန့်ခွဲမှုစနစ်ကို ကြည့်ပါ။

**စခန်းတွင်း ဝန်ထမ်းများအား GBV ကို လေ့ကျင့်သင်တန်းပေးရန် အရေးကြီးပုံ**

အရေးပေါ်အခြေအနေတွင် အကြမ်းဖက်မှုသံသရာကို ချိုးဖျက်ရန်မှာ ခက်ခဲလှပါသည်။ အထူးသဖြင့် ကဏ္ဍ အသီးသီးမှ လူသားချင်းစာနာထောက်ထားမှု လုပ်ဆောင်သူများသည် ၎င်းတို့၏လုပ်ငန်းများတွင် အမျိုးသမီးများနှင့် မိန်းကလေး များ၏ သီးခြားအရေးကိစ္စများအား သိရှိကာ ကိုင်တွယ်ဖြေရှင်းပေးရန် ပျက်ကွက်ပါက ပို၍ပင် ခက်ခဲပါသည်။ သင်တန်း များအား ကျွမ်းကျင်ပညာရှင်များမှ ပေးသင့်ပါသည်။ ကွင်းဆင်းအဖွဲ့များအား ကျားမလူမှုကဏ္ဍကွဲပြားမှုနှင့် အကြမ်းဖက် မှုကြား ဆက်သွယ်ချက်ကို သင်တန်းပေးရန်နှင့် ၎င်းတို့သည် တစ်ကိုယ်ရေသန့်ရှင်းမှု ပညာပေးသူများ၊ လူထု ကျန်းမာရေးလုပ်သားများ၊ ပစ္စည်းဝေငှပေးသူများ သို့မဟုတ် အခြားမည်သည့်လုပ်ငန်းကို လုပ်ကိုင်သည်ဖြစ်စေ ထိုဆက်သွယ်ချက်သည် ၎င်းတို့အလုပ်နှင့် မည်သို့ဆက်နွယ်နေသည်ဆိုသည်ကို သင်တန်းပေးရန်မှာ ကြီးမားသော စိန်ခေါ်မှုတစ်ခု ဖြစ်ပါသည်။ အမျိုးသမီးများနှင့် မိန်းကလေးများအား အကြမ်းဖက်မှုကို မည်သို့ နားလည် သဘောပေါက်သည့် ပုံစံသည် ဆက်စပ်နေသော အခြေအနေအကြောင်းအရာများပေါ်တွင် မူတည်နေပြီး ယဉ်ကျေးမှု သည် ကာကွယ်ရေးအတွက် အတားအဆီးများကိုရော အခွင့်အလမ်းများကိုပါ ဖြစ်ပေါ်စေနိုင်ပါသည်။ မကြာခဏ ဆိုသလို စခန်းပတ်ဝန်းကျင်တွင် နေထိုင်ရသူများ ကြုံတွေ့ရသည့် ဒဏ်ရာဒဏ်ချက်များ၊ ကြောက်ရွံ့မှုများနှင့် အန္တရာယ်ကျရောက်လွယ်မှုများ သည် GBV ကို ဆက်လက်ဖြစ်ပေါ်စေနိုင်သော ထုံးတမ်းစဉ်လာနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အာဏာ ဆက်သွယ်မှုများကို အားပေးပြီး အထောက်အပံ့ပြုတတ်ပါသည်။ ရွှေ့ပြောင်းနေထိုင်မှု မတိုင်မီ ကတည်းက ဖြစ်ပေါ်တည်ရှိနေသော တန်းတူညီမျှ မရှိမှုများသည်လည်း အရေးပေါ်အခြေအနေများတွင် ပိုမို အားကောင်းလာနိုင်ပါသည်။

"ထိုသို့သော အခြေအနေမျိုးနှင့် ကျွန်ုပ်တို့ အလုပ်လုပ်နေသော စခန်းများတွင် GBV ဆိုင်ရာ သင်တန်းများ သို့မဟုတ် အသိပညာဖြန့်ဝေမှုများအား အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦး ပူးတွဲဆောင်ရွက်ပေးသင့်ပြီး အလုပ်ရုံဆွေးနွေးပွဲ များအားလုံးကို ဒေသခံတို့၏ ဘာသာစကားဖြင့်သာ ကျင်းပသင့်ကာ ဘာသာပြန်မှ တစ်ဆင့် ဆက်သွယ်ပြောဆို ကျင်းပပေးခြင်း မဖြစ်သင့်ပါသည်။ ထိုသင်တန်းများနှင့် အလုပ်ရုံဆွေးနွေးပွဲများအား စခန်းတွင်းနေထိုင်သူများနှင့်

ဓလေ့ထုံးစံကို ကိုယ်စားပြုကာ နားလည်သဘောပေါက်နိုင်သော နိုင်ငံသားဝန်ထမ်းများမှ ကျင်းပပေးရန် လိုအပ်ပါသည်။ စိတ်ပိုင်းဆိုင်ရာဒဏ်ရာများနှင့်အတူ လူမှုရေး/ ယဉ်ကျေးမှုဆိုင်ရာ ကဲ့ရဲ့ပြစ်တင်မှုများသည် အမျိုးသမီးများနှင့် မိန်းကလေးများအား GBV ဖြစ်ရပ်များကို သတင်းပို့တိုင်ကြားခြင်း မရှိရလေအောင် တားဆီးပိတ်ပင်ထားလေ့ရှိပါသည်။ များသောအားဖြင့် သတင်းပေးပို့သည့်စနစ်များသည် ဗျူရိုကရေစီဆန်ပြီး အမျိုးသားများသာ ကြီးစိုးနေလေ့ရှိပါသည်။ ကွင်းဆင်းဝန်ထမ်းများတွင် ကောင်းစွာ လေ့ကျင့်သင်ကြားပေးထားသော အမျိုးသမီးဝန်ထမ်းများ ပါရှိရန် အရေးကြီးပါ သည်။ အမျိုးသမီး ဝါးဆယ်ရာခိုင်နှုန်း ပါဝင်ရေး ရည်မှန်းကြိုးပမ်းသင့်ပါသည်။"

အဖွဲ့အစည်းပေါင်းစုံ အမြဲတမ်းကော်မတီ (IASC) သည် ၂၀၁၀ခုနှစ်တွင် အင်တာနက်မှ သင်ယူနိုင်သော သင်တန်း တစ်ခု (ကွဲပြားသော လိုအပ်ချက်များ - တန်းတူညီမျှ အခွင့်အလမ်းများ - အမျိုးသမီးများ၊ မိန်းကလေးများ၊ ယောက်ျား လေးများနှင့် အမျိုးသားများအတွက် လူသားချင်း စာနာထောက်ထားမှုလုပ်ငန်းများ၏ ထိရောက်မှုကို တိုးတက်စေခြင်း - Different Needs-Equal Opportunities: Increasing Effectiveness of Humanitarian Action for Women, Girls, Boys and Men) ကို ပို့ချခဲ့ပြီး လူသားချင်းစာနာထောက်ထားမှု လုပ်ဆောင်နေသူများအတွက် အစီအစဉ်ရေးဆွဲ အကောင်အထည်ဖော်ရာတွင် ကျားမတန်းတူညီမျှမှုကို ထည့်သွင်းဆောင်ရွက်နိုင်မည့် အခြေခံစနစ်များကို သင်ကြား ပေးခဲ့ပါသည်။ ထိုသင်တန်းသည် IASC ၏ ကျားမတန်းတူညီမျှမှု လက်စွဲစာအုပ်နှင့် လူသားချင်းစာနာထောက်ထားမှု အခြေအနေတွင် ကျားမလူမှုကဏ္ဍကွဲပြားမှုကို အခြေခံသော အကြမ်းဖက်မှု လုပ်ငန်းများအတွက် လမ်းညွှန်များ အပါအဝင် ဆက်စပ်နေသော လမ်းညွှန်များကို အခြေခံထားပါသည်။

## ဘေးအန္တရာယ်ကင်းရှင်းမှုနှင့် လုံခြုံမှု

ရဲတပ်ဖွဲ့ဝင်များ၊ စခန်းလုံခြုံရေးဝန်ထမ်းများ ရပ်ရွာလူထုလုံခြုံရေးအုပ်စုများ သို့မဟုတ် စစ်သားများကဲ့သို့ စခန်းလူထုနှင့် ပစ္စည်းဥစ္စာများကို ကာကွယ်စောင့်ရှောက်ပေးနေသောသူ အမြောက်အမြား ရှိပါသည်။ လုံခြုံရေးအတွက် ဆောင်ရွက်ပေးနေသူများအားလုံးသည် GBV အကြမ်းဖက်မှုခံရသူများကို ကာကွယ်စောင့်ရှောက်ရာတွင် အလွန်အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်နေပါသည်။ ထိုသူများအား စခန်းလူထုမှ သိရှိထားရန်လိုအပ်ပြီး ထိုသူများတွင် ရှင်းလင်းစွာ ဖွင့်ဆိုသတ်မှတ်ထားသော တာဝန်ဝတ္တရားများ ရှိရပါမည်။ လုံခြုံရေးအဖွဲ့များအားလုံး၊ အထူးသဖြင့် GBV အကြမ်းဖက်မှု ခံထားရသူများကို ကူညီပေးနေသူများသည် လုပ်ငန်းများဆောင်ရွက်ရာတွင် လူ့အခွင့်အရေးများကို လေးစားလိုက်နာသင့်ပြီး ကာကွယ်တားဆီးရေးနှင့် အမျိုးသမီးများ၏ အခွင့်အရေးများကို လေ့ကျင့်သင်တန်းပေးထားသင့်ပါသည်။ ထိုအဖွဲ့များသည် လုံခြုံရေးဆိုင်ရာ အန္တရာယ်ဖြစ်နိုင်ခြေများကို လေ့လာဆန်းစစ်ခြင်းနှင့် စောင့်ကြည့်ရာမှ သိရှိလာသော ကိစ္စရပ်များကို ဆက်သွယ်ပြောကြားပေးခြင်းဖြင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင်လည်း အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်နိုင် ပါသည်။ အချို့သော အရေးပေါ်အခြေအနေများတွင် ရွှေ့ပြောင်းနေထိုင်ရသူများသည် စခန်းလုံခြုံရေးအဖွဲ့များ သို့မဟုတ် လူထုကင်းစောင့်အဖွဲ့များကို ဖွဲ့စည်းကောင်းဖွဲ့စည်းနိုင်ပါသည်။ ထိုအုပ်စုများသည် စစ်ဘက် သို့မဟုတ် ရဲတပ်ဖွဲ့ဝင်များ မဟုတ်ကြောင်းကို ၎င်းတို့ကိုယ်တိုင် သိရှိရမည် ဖြစ်ပြီး ၎င်းတို့သည် ဒဏ်ရိုက်ခြင်း သို့မဟုတ် အပြစ်ပေးခြင်းကဲ့သို့ လုံခြုံရေး သို့မဟုတ် စစ်ဘက်ဆိုင်ရာအဖွဲ့များ၏ တာဝန်ဝတ္တရားများကို ဝင်ရောက်ထမ်းဆောင်ခြင်းမပြုရန် သတိထား ရပါမည်။

မည်သို့ပင်ဖြစ်စေ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် လုံခြုံရေးအင်အားစုများ၏ အခန်းကဏ္ဍကို ဂရုတစိုက် စဉ်းစားသုံးသပ် သင့်ပါသည်။ အချို့နေရာများတွင် ငြိမ်းချမ်းရေးထိန်းသိမ်းသော တပ်ဖွဲ့များ၏ ကင်းလှည့်မှုကို တိုးမြှင့် ဆောင်ရွက်ခြင်းသည် တရားဥပဒေမဲ့မှုကို ယေဘုယျအားဖြင့် ကျဆင်းသွားစေပြီး လူထုများမှ ပိုမို လုံခြုံသည်ဟု ခံစားရနိုင်သော်လည်း အခြားနေရာများတွင် ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့ဝင်များကို တိုးမြှင့်ချထားခြင်းသည် အခြားသော လက်နက်ကိုင် အဖွဲ့များကို ပိုမို ဖိတ်ခေါ်ရာရောက်ပြီး ဒုက္ခသည်စခန်းများမှာ စစ်တလင်းဖြစ်နိုင်ခြေ ပိုမို မြင့်မားလာနိုင်ပါသည်။

အခြေအနေအများအပြားတွင် လုံခြုံရေးတပ်ဖွဲ့များသည် အကြမ်းဖက်ခံရသူများမှ အဓိက အကူအညီတောင်းခံနိုင်သူများ မဟုတ်ကြပါ။ တစ်ခါတစ်ရံ ၎င်းတို့တွင် အကြမ်းဖက်မှုများကို ကိုင်တွယ်ဖြေရှင်းရန် လိုအပ်သည့် သင်တန်းများ သို့မဟုတ် ဝန်ထမ်းများ မရှိကြပါ။ ထိုအခြေအနေမျိုးတွင် စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် ယင်းနှင့် ပတ်သက်၍ လုံခြုံရေးအဖွဲ့များ၏ စွမ်းရည်ကို မြှင့်တင်ရန် ရှင်းလင်းတင်ပြကာ တိုက်တွန်းဆွေးနွေးသင့်ပြီး ဦးဆောင်အေဂျင်စီနှင့် ပူးပေါင်းညှိနှိုင်းကာ အခြားသော တုံ့ပြန်စောင့်ရှောက်မှု လုပ်ငန်းယန္တရားများကို ထောက်ပံ့ပေးရန် တောင်းဆိုသင့်ပါသည်။ ဘေးကင်းလုံခြုံမှုနှင့် ဆက်နွယ်သော

စခန်းစီမံခန့်ခွဲမှုအေဂျင်စီ၏ အဓိကကျသော အခြားအခန်းကဏ္ဍများတွင် အောက်ပါတို့ ပါဝင်ပါသည်။

- ➔ အမျိုးသမီးများအား စခန်းလုံခြုံရေး ဆောင်ရွက်ချက်များကို အသိပေးရန်နှင့် ပါဝင်ပတ်သက်နိုင်ရန် ဆောင်ရွက်ပြီး စခန်းလုံခြုံရေးအဖွဲ့များ သို့မဟုတ် လူထုကင်းစောင့်အဖွဲ့များအတွင်းတွင် ကိုယ်စားပြု ပါဝင်စေခြင်း
- ➔ တစ်စုံတစ်ယောက် အန္တရာယ်ကြုံတွေ့ရပါက ဝင်ရောက်ဆောင်ရွက်နိုင်မည့် အမျိုးသမီး အထောက်အကူပြု ကွန်ယက်များအတွက် အသိပေးဆွေးနွေးခြင်း
- ➔ ရဲတပ်ဖွဲ့ဝင်များအား စခန်းတွင်း တာဝန်ချထားပေးခြင်း၊ စောင့်ကြည့်ကြီးကြပ်ခြင်းနှင့် လုံခြုံရေးဖွဲ့စည်း တည်ဆောက်ပုံများသည် အန္တရာယ်များသောဒေသများနှင့် အသက်အရွယ်နှင့် နောက်ခံအမျိုးမျိုး ရှိသော အမျိုးသမီးများနှင့် အမျိုးသားများ ရင်ဆိုင်ကြုံတွေ့နေရသော သီးခြားအန္တရာယ်များကို ထည့်သွင်းစဉ်းစားရန် အတွက် အသိပေးဆွေးနွေးခြင်း
- ➔ နိုင်ငံအာဏာပိုင်များ/ဒေသခံအာဏာပိုင်များ၏ ပါဝင်ဆောင်ရွက်မှုကို အားပေးရန်နှင့် စခန်းအနီး ပတ်ဝန်းကျင်မှ ရပ်ရွာလူထု၏ အကျိုးစီးပွားကို စိတ်ပါဝင်စားမှုရှိစေရန် ၎င်းတို့နှင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊ ထိုသို့ဆောင်ရွက် ရာတွင် အတူတကွ အကျိုးကျေးဇူး ခံစားရစေရန် တတ်နိုင်သမျှ ဆောင်ရွက်ရပါမည်။
- ➔ GBV နှင့် ပတ်သက်၍ ကောင်းစွာ လေ့ကျင့်သင်တန်းပေးထားသော ရဲတပ်ဖွဲ့ဝင်များနှင့် လုံခြုံရေး ဝန်ထမ်းများ အရေအတွက် လုံလောက်စေရန်နှင့် လုံခြုံရေးဝန်ထမ်းများတွင် ကျားမ ညီမျှမှုကို မြှင့်တင်ရန် အသိပေး ဆွေးနွေးခြင်း

## လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ခြင်းနှင့် အနိုင်အထက်ပြုခြင်းများကို တားဆီးကာကွယ်ခြင်း (Prevention of Sexual Exploitation and Abuse – PSEA)

၂၀၀၃ခုနှစ်တွင် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ ထုတ်ပြန်ချက် (လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်မှု နှင့် မဖွယ်မရာပြုမှုများမှ ကာကွယ်ရန်အတွက် အထူးလုပ်ဆောင်ချက်များ) သည် ကုလသမဂ္ဂ၏ ကွပ်ကဲအုပ်ချုပ်မှု အောက်တွင် စစ်ဆင်ရေးများ ဆောင်ရွက်နေသော ကုလသမဂ္ဂ ငြိမ်းချမ်းရေး ထိန်းသိမ်းမှုတပ်ဖွဲ့များနှင့် ကုလသမဂ္ဂနှင့် စာချုပ်ချုပ်ဆို ဆောင်ရွက်နေသော NGO များအပါအဝင် ကုလသမဂ္ဂ ဝန်ထမ်းများအားလုံး အကျုံးဝင်ပါသည်။ ဝန်ထမ်းများနှင့် စခန်းတွင်းနေထိုင်သူများကိုယ်စား လုပ်ငန်းများဆောင်ရွက်နေသူများ အားလုံးကို ကျင့်ဝတ်စည်းမျဉ်းများ (codes of conduct) အား လေ့ကျင့်သင်တန်းပေးကာ လက်မှတ်ရေးထိုးစေသင့်ပါသည်။

စခန်းအချို့၏ အတွေ့အကြုံများအရ လုံခြုံရေးတပ်ဖွဲ့များ ကျူးလွန်သော GBV ပြစ်မှုများကို ရွှေ့ပြောင်းနေထိုင်ရသူများမှ ပိုမို အဆင်ပြေ ဘေးကင်းစွာ သတင်းပို့နိုင်ရန် ဆောင်ရွက်သည့်လုပ်ငန်းများထဲတွင် ရဲအရာရှိများအတွက် မတက်မနေ ရသော GBV နှင့် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုဆိုင်ရာ သင်တန်းများ၊ စခန်းဝန်ထမ်းများအားလုံးအား အလွယ်တကူ မှတ်မိသိရှိနိုင်သော နံမည်ကတ်ပြားများ တပ်ဆင်ရန် စည်းကမ်းထုတ်ခြင်းနှင့် ဓာတ်ပုံများဖြင့် စာရင်းသွင်း မှတ်တမ်း ထားရှိခြင်းတို့ ပါဝင်ရပါမည်။ အမျိုးသမီးအရာရှိများကို ခန့်အပ်ဆောင်ရွက်စေခြင်းဖြင့် နှင့် ဆက်နွယ်သော ကိစ္စရပ်များတွင် ရဲတပ်ဖွဲ့ဝင်များ ပိုမို ထိရောက်စွာ ဆောင်ရွက်နိုင်လာပါသည်။ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်းနှင့် မဖွယ်မရာပြုခြင်း တို့ကို ကာကွယ်ရာတွင် စခန်းစီမံခန့်ခွဲမှုအေဂျင်စီ၏ အခြားသော အဓိက အခန်းကဏ္ဍများတွင် အောက်ပါတို့ ပါဝင်ပါသည်။

- ➔ စခန်းစီမံခန့်ခွဲမှုဝန်ထမ်းများအားလုံးအား နိုင်ငံတကာ ကျင့်ဝတ်စည်းမျဉ်းများကို သင်တန်းပေးပြီးဖြစ်ကြောင်း သေချာစေခြင်း ထိုသင်တန်းတွင် စခန်းလူထုနှင့် တိုက်ရိုက်ထိတွေ့နေသူများကို အဓိကဦးတည်ကာ ဝန်ထမ်း အားလုံးအတွက် PSEA သင်တန်းများနှင့် အသိပညာ ဖြန့်ဝေမှုများလည်း ပါဝင်သင့်ပါသည်။
- ➔ စခန်းလူထုအား ရှိနေသော တိုင်တန်းမှုလုပ်ငန်းယန္တရားနှင့် ယင်းအား မည်သို့အသုံးပြုရမည်ကို အသိပေး ထားခြင်း
- ➔ ကုလသမဂ္ဂ နှင့် အဖွဲ့အစည်းပေါင်းစုံမှ PSEA တာဝန်ခံများနှင့် အခြားသူများနှင့် လက်တွဲကာ လျှို့ဝှက်ချက် ထိန်းသိမ်းသော တိုင်တန်းမှု လုပ်ငန်းယန္တရားတစ်ခု နှင့် သတင်းပေးပို့လာသော မဖွယ်မရာပြုမှုများကို စုံစမ်း စစ်ဆေးရန်အတွက် ရှင်းလင်းသော လုပ်ထုံးလုပ်နည်းများကို တည်ထောင်ချမှတ်ရန် ဆောင်ရွက်ခြင်း
- ➔ စခန်းစီမံခန့်ခွဲမှုအေဂျင်စီအတွင်းတွင် PSEA တာဝန်ထံတစ်ဦးကို ခန့်အပ်ကာ လေ့ကျင့်သင်တန်းပေးခြင်း
- ➔ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှု သို့မဟုတ် မဖွယ်မရာပြုမှုကို သတင်းပေးပို့လာသူများအား လိုအပ်သည်များကို ဆက်လက်ဆောင်ရွက်ရန်နှင့် ကူညီပံ့ပိုးပေးရန် GBV ဝန်ဆောင်မှုပေးသူများထံသို့ လွှဲပြောင်းညွှန်းပို့ပေးကြောင်း သေချာစေခြင်း

## GBV ဖြစ်ရပ်များအား တုံ့ပြန်ဆောင်ရွက်ခြင်း

GBV ကို တွေ့ကြုံခံစားရသော စခန်းတွင်းနေထိုင်သူများသည် အကူအညီတောင်းခံရန်နှင့် ဆေးဘက်ဆိုင်ရာ သို့မဟုတ် ဥပဒေရေးရာဝန်ဆောင်မှုများသို့ လွှဲပြောင်းညွှန်းပို့ပေးရန်အတွက် စခန်းစီမံခန့်ခွဲမှုအေဂျင်စီအား ချဉ်းကပ်လာနိုင်ပါသည်။ စခန်းစီမံခန့်ခွဲမှုဝန်ထမ်းများသည် သတင်းပို့တိုင်ကြားလာသော GBV ဖြစ်ရပ်များအား ကိုင်တွယ်ဖြေရှင်းရာတွင် အကြမ်းဖက်ခံရသူများအတွက် လျှို့ဝှက်ချက်ထိန်းသိမ်းမှု၊ လေးစားမှု၊ ခွဲခြားဆက်ဆံခြင်းကင်းမှုနှင့် ဂုဏ်သိက္ခာတို့ကို ဦးစားပေး ကာ ဆောင်ရွက်ရန် ပြင်ဆင်ထားရပါမည်။

GBV အကြမ်းဖက်မှုခံရသူများအတွက် သင့်တော်သော ကူညီစောင့်ရှောက်မှုဝန်ဆောင်မှုများ ရရှိစေရေးသည် အထူး လေ့ကျင့်ပေးထားသော ဝန်ဆောင်မှုပေးသူများနှင့် GBV လုပ်ဆောင်သူများ၏ တာဝန်ဖြစ်ပြီး စခန်းစီမံခန့်ခွဲမှုဝန်ထမ်း များသည် အကြမ်းဖက်ခံရသူတစ်ဦး၏ လိုအပ်ချက်များကို တုံ့ပြန်ဖြည့်ဆည်းပေးနိုင်ရန်အတွက် သင့်တော်သော ဝန်ဆောင်မှုများသို့ လွှဲပြောင်းညွှန်းပို့မှုအား လွယ်ကူချောမွေ့အောင် ဆောင်ရွက်ပေးရပါမည်။ GBV လုပ်ဆောင်သူများ သို့မဟုတ် ပူးပေါင်းညှိနှိုင်းမှု လုပ်ငန်းယန္တရား မရှိသောနေရာများတွင် ရှိလာရန် စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် ရှင်းလင်း ဆွေးနွေးမှုများ ပြုလုပ်ပေးသင့်ပြီး တစ်ချိန်တည်းတွင် အနည်းဆုံး ရသင့်သော ကျန်းမာရေးဝန်ဆောင်မှုများ ရရှိနိုင်စေရန် ကျန်းမာရေးလုပ်ဆောင်သူများ၊ စိတ်ပိုင်းနှင့် လူမှုရေးဆိုင်ရာ လုပ်ဆောင်သူများနှင့် လက်တွဲဆောင်ရွက်ကာ အခြားသော လူသားချင်းစာနာထောက်ထားမှုကဏ္ဍများနှင့် လုပ်ဆောင်သူများ၏ လုပ်ငန်းများမှတစ်ဆင့် အန္တရာယ်ဖြစ်နိုင်ခြေ လျှော့ချမှုများကို ဆက်လက်ဦးတည် ဆောင်ရွက်သင့်ပါသည်။ အောက်တွင်ဖော်ပြထားသော GBV တုံ့ပြန်မှု၏ အဓိကနယ်ပယ်များသည် GBV လုပ်ဆောင်သူများ၏ အဓိကကျသော တာဝန်ဝတ္တရားများဖြစ်ပါသည်။ ထိုနယ်ပယ်တိုင်း၏ လုပ်ငန်းများအတွက် စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် GBV အထူးပြု အေဂျင်စီများအား တင်ပြဆွေးနွေးခြင်း၊ သတင်းအချက်အလက်များ မျှဝေခြင်းနှင့် ကူညီပံ့ပိုးပေးခြင်းတို့ကို ဆောင်ရွက် ရပါသည်။

### ကျန်းမာရေး

ကျန်းမာရေးဝန်ဆောင်မှုများသည် HIV ပိုး နှင့် ထိတွေ့ပြီးနောက် ကူးစက်ခံရနိုင်ခြေ လျော့နည်းစေသည့်ဆေးဝါး ရရှိနိုင် မှုနှင့် ဆေးပေးနိုင်မှု၊ လိင်မှတစ်ဆင့်ကူးစက်ရောဂါများကို ကုသမှု၊ အရေးပေါ်သန္ဓေတားခြင်း၊ အသည်းရောင် အသားဝါနှင့် မေးခိုင်ကာကွယ်ဆေးထိုးခြင်းတို့ကို ဆောင်ရွက်ပေးနိုင်ကြောင်း သေချာစေခြင်းဖြင့် GBV အား တုံ့ပြန် ဆောင်ရွက်ပေးနိုင် ရန် ဖြည့်ဆည်းပေးထားရပါမည်။ ထို့ပြင် ကျန်းမာရေးဝန်ထမ်းများအနေဖြင့် အဓမ္မပြုကျင့်ခံရမှုအတွက် ဆေးဘက်ဆိုင်ရာ ကုသစောင့်ရှောက်မှုပေးနိုင်အောင် သင်တန်းပေးထားရန်လည်း လိုအပ်ပါသည်။ ကျန်းမာရေးဆေးခန်း များတွင် အလုပ် လုပ် သော ဆေးဘက်ဆိုင်ရာနှင့်ဆေးဘက်ဆိုင်ရာမဟုတ်သောဝန်ထမ်းများအားလုံးအားGBVလမ်းညွှန်မူဝါဒများကိုသင်တန်းပေးထားသင့်ပြီး အကြမ်းဖက်ခံရသူများအတွက် နယ်မြေဒေသအဆင့်ရှိ လွှဲပြောင်းညွှန်းပို့မှု စနစ်ကိုလည်း သိရှိထားသင့်ပါသည်။

### အကြမ်းဖက်ခံရသူအား ကုသစောင့်ရှောက်ခြင်း

GBV လုပ်ဆောင်သူများသည် အရေးပေါ်အခြေအနေတစ်ခု စတင်စဉ်ကတည်းက အခြေခံ အရေးပေါ် စောင့်ရှောက် ကုသဝန်ဆောင်မှုများ ပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်သင့်ပါသည်။ အခြေခံဝန်ဆောင်မှုများဆိုသည်မှာ အကြမ်းဖက် ခံရသူများအတွက် နှစ်သိမ့်ဆွေးနွေးခြင်း၊ အခြားသော ဝန်ဆောင်မှုများကို မည်သည့်နေရာတွင် မည်သို့ ရရှိနိုင်သည် ဟူသည့် သတင်းအချက်အလက်များ ပေးနိုင်သော၊ လိုအပ်ပါက ထိုဝန်ဆောင်မှုများကို ရယူနိုင်ရန် ကူညီပံ့ပိုးပေးနိုင်သော၊ နောက်ပိုင်းတွင် အကြမ်းဖက်ခံရသူများမှ လိုအပ်သော ကုသစောင့်ရှောက်မှုများ ရ၊ မရ ဆက်လက်စစ်ဆေး ကြီးကြပ် ပေးနိုင်သော သင်တန်းရထားသည့် ဝန်ထမ်းများ ရှိနေခြင်းကို ဆိုလိုပါသည်။ အချို့သော အခြေအနေများတွင် ဝန်ထမ်းများ အား ကျန်းမာရေးဌာန သို့မဟုတ် မှတ်ပုံတင်စာရင်းသွင်းသည့်/ အခြားနေရာသို့ မကူးပြောင်းမီ တစ်ထောက်နားသည့် ဌာနများအနီးတွင် ထားရှိတာဝန်ချထားပေးခြင်းသည် အသင့်တော်ဆုံးဖြစ်ပါသည်။ သို့မှသာ အမျိုးသမီးများနှင့် မိန်းကလေး များသည် ဝန်ဆောင်မှုများကို ဘေးကင်းလုံခြုံစွာ အလွယ်တကူ လက်လှမ်းမီ ရယူနိုင်မည်ဖြစ်ပါသည်။ အခြား အခြေအနေများတွင်မူ ထိုဝန်ဆောင်မှုများအား ဘေးကင်းလုံခြုံသော သီးသန့်နေရာတစ်ခု သို့မဟုတ် အမျိုးသမီးရိပ်မြုံ သို့မဟုတ် အခြားသော ဝန်ဆောင်မှုပေးသည့် နေရာများမှတစ်ဆင့် ပံ့ပိုးပေးနိုင်ပါသည်။

### ကွင်းဆင်းဆောင်ရွက်သူများထံမှ ပြောဆိုချက် - အမျိုးသမီးများနှင့် မိန်းကလေးများအတွက် ဘေးကင်းလုံခြုံသော နေရာများ

အမျိုးသမီးများ နှင့် မိန်းကလေးများအတွက် သီးသန့်နေရာများ ထားရှိပေးခြင်းသည် အန္တရာယ်ဖြစ်နိုင်ခြေများကို လျှော့ချရန်နှင့် ထိခိုက်နစ်နာမှုများကို တားဆီးကာကွယ်ရန် အထောက်အကူပြုနိုင်ပါသည်။ ထိုနေရာများသည် ပုံစံတကျ ဖွဲ့စည်းထားသည်ဖြစ်စေ၊ ပုံစံတကျမဟုတ်သည်ဖြစ်စေ အမျိုးသမီးများနှင့် မိန်းကလေးများအတွက် ဂန်ဆောင်မှုများကို ဘေးကင်းစွာ ရယူနိုင်သည့် စတင်ရာနေရာများဖြစ်သလို သတင်းအချက်အလက်များကို လက်လှမ်းမီ ရရှိနိုင်သည့် နေရာတစ်ခုလည်းဖြစ်ပါသည်။ အမျိုးသမီးများနှင့်မိန်းကလေးများအတွက်ဘေးကင်းလုံခြုံသောစုဝေးရာနေရာများရှိခြင်းသည် ၎င်းတို့အချင်းချင်း ဆက်သွယ်ထိတွေ့နိုင်သည့်၊ သတင်းအချက်အလက်များ ဖလှယ်နိုင် သည့်၊ လူထုကွန်ယက်များနှင့် ရပ်ရွာ၏ ပံ့ပိုးမှုများပြန်လည်တည်ဆောက်မှုကိုစတင်နိုင်သည့် အခွင့်အလမ်းများ ကိုလည်း ပေးပါသည်။ ဘေးကင်းလုံခြုံသောနေရာများ ထားရှိပေးခြင်းသည် ရှုပ်ထွေးပြီး အခြေအနေပေါ် မူတည်ဖြစ်ပွားနေသော အန္တရာယ်ဖြစ်နိုင်ခြေများကို စီမံကိုင်တွယ်ဖြေရှင်းပေးခြင်းပင်ဖြစ်ပါသည်။ ဘေးကင်းလုံခြုံသော နေရာများ တည်ထောင်ထားရှိမှုနည်းလမ်းများကို ရပ်ရွာလူထုများနှင့် တိုင်ပင်ဆွေးနွေးကာ စီစဉ်ဆောင်ရွက်သင့် ပါသည်။ အချို့သော အခြေအနေများတွင် အမျိုးသမီးရိပ်မြုံတစ်ခုကို ပုံစံတကျ တည်ထောင်ထားရှိပေးခြင်းသည် လက်လှမ်းမီအသုံးပြုနိုင်ရန် အလွယ်ကူဆုံးနှင့် အသင့်တော်ဆုံး ဖြစ်ပါသည်။ သို့သော် ထိုရိပ်မြုံများ တည်ထောင်ခြင်း သည် နေရာတိုင်း၊ အချိန်တိုင်းအတွက် အသင့်တော်ဆုံး ဖြစ်ချင်မှ ဖြစ်ပေလိမ့်မည်။ အချို့သော အခြေအနေများတွင် ဘေးကင်းသောနေရာများသည် ရိပ်မြုံများလောက် ပုံစံတကျမဟုတ်သည့် ရပ်ရွာထဲရှိ အမျိုးသမီးခေါင်းဆောင်များ နှင့် ကွန်ယက်များကဲ့သို့သော နေရာများလည်း ဖြစ်နိုင်ပါသည်။

- ဘေးကင်းသောနေရာများနှင့် ပတ်သက်သော သတင်းအချက်အလက်များနှင့် ဖြစ်ရပ်လေ့လာချက်များအား - လူ့အခွင့်အရေးဌာန၊ လိင်မှုဆိုင်ရာအကြမ်းဖက်မှုအစီအစဉ်၊ ဘေးကင်းလုံခြုံသော ရိပ်မြုံ၊ ရွှေ့ပြောင်းနေထိုင်ရသူများအား လိင်မှုနှင့် ကျားမလူမှုကဏ္ဍကွဲပြားမှုပေါ်အခြေခံသော အကြမ်းဖက်မှုများမှ ခိုလှုံရာနေရာ ပေးခြင်း၊ နှိုင်းယှဉ်လေ့လာမှု အစီရင်ခံစာ (Human Rights Centre Sexual Violence Program, Safe Haven, Sheltering Displaced Persons from Sexual and Gender-Based Violence, Comparative Report) - တွင် ကြည့်ပါ။

## စိတ်ပိုင်းနှင့် လူမှုရေးပိုင်းဆိုင်ရာ ဂန်ဆောင်မှု

GBV လုပ်ဆောင်သူများသည် အခြေအနေနှင့် ကိုက်ညီသော သင့်တော်သည့် စိတ်ပိုင်းနှင့် လူမှုရေးဆိုင်ရာ ပံ့ပိုးကူညီမှု လုပ်ငန်းယန္တရားများကို တည်ထောင်ချမှတ်သင့်ပါသည်။ စိတ်ပိုင်းနှင့် လူမှုရေးဆိုင်ရာ စောင့်ရှောက်မှုနည်းလမ်းများကို ဒေသခံလူထုများနှင့် တိုင်ပင်ဆွေးနွေးကာ ဆုံးဖြတ်ရမည်ဖြစ်ပြီး ပုံသဏ္ဍာန်အမျိုးမျိုး ရှိနိုင်ပါသည်။ ထိုအထဲတွင် အကြမ်းဖက်ခံရသူအား ကုသစောင့်ရှောက်မှု လုပ်ငန်းစဉ်တွင် ဆောင်ရွက်ပေးသည့် တစ်ဦးချင်း နှစ်သိမ့်ဆွေးနွေးပေးခြင်း၊ ဘေးကင်းလုံခြုံသောနေရာများ သို့မဟုတ် အမျိုးသမီးရိပ်မြုံများမှတစ်ဆင့် ဆောင်ရွက်ပေးသော အဖွဲ့လိုက်ဆောင်ရွက် သည့် လုပ်ငန်းများ သို့မဟုတ် ဒေသနှင့်လျော်ညီသော နည်းလမ်းများ ပါဝင်ပါသည်။

- စိတ်ပိုင်းနှင့် လူမှုရေးဆိုင်ရာ ရှေးဦးကူညီစောင့်ရှောက်မှုများကို မည်သို့ ပံ့ပိုးပေးရမည်ဆိုသည့် သတင်းအချက်အလက် များ ထပ်မံရရှိလိုလျှင် - စိတ်ပိုင်းနှင့် လူမှုရေးဆိုင်ရာ ရှေးဦးကူညီစောင့်ရှောက်မှုများ၊ ကွင်းဆင်းဂန်ထမ်းများအတွက် လမ်းညွှန် (Psychological First Aid: Guide for Field Workers) - ကို ကြည့်ပါ။

## ဥပဒေရေးရာ ဂန်ဆောင်မှုများ

ဘေးကင်းလုံခြုံပြီး ထိရောက်သော ဥပဒေရေးရာ ဂန်ဆောင်မှုများရှိသည့် နေရာများတွင် အကြမ်းဖက်ခံရသူ အချို့သည် တရားဥပဒေကြောင်းအရ ရင်ဆိုင်ရန် ရွေးချယ်တတ်ကြပါသည်။ ထိုဂန်ဆောင်မှုများသည် ဒဏ်ရာ အနာကျက်စေရေး နှင့် မိမိဘဝကို မိမိ ပိုမို စိုးပိုင်ခွင့် ရရှိရန် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်နေပါသည်။ သို့သော် အရင်းအမြစ်များ အကန့်အသတ်ရှိနေချိန်တွင် လုံလောက်သော ကျန်းမာရေး၊ အကြမ်းဖက်ခံရသူအား ကုသစောင့်ရှောက်မှုနှင့် စိတ်ပိုင်းနှင့် လူမှုရေးဆိုင်ရာ စောင့်ရှောက်မှုများ

မရရှိနိုင်သေးသည့်အချိန်တွင် ဥပဒေရေးရာ ဝန်ဆောင်မှုများပေးရန်အတွက် အရင်း အမြစ်များကို သုံးစွဲရန် မသင့်တော်ကြောင်းကိုမူ သတိပြုရန် အရေးကြီးပါသည်။ အသက်ကယ်သော ဝန်ဆောင်မှုများကို ဦးစားပေးဆောင်ရွက်ရပါမည်။ ထိုဝန်ဆောင်မှုများသည် နောက်ပိုင်းတွင် မျှတသောတရားစီရင်မှု ရရှိရန်အတွက် အခြေခံ အုတ်မြစ်လည်း ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် အကြမ်းဖက်ခံရသူများကိုကူညီစောင့်ရှောက်ရန်အထူးပြုလေ့ကျင့်သင်ကြားပေးထားသောဝန်ထမ်းများသည်အမျိုးသမီးများအတွက် ရရှိနိုင်သော ဝန်ဆောင်မှုများ၊ ကူညီပံ့ပိုးမှုများနှင့် ဥပဒေအရ အရေးယူဆောင်ရွက်မှုများတွင် ထွက်ပေါ်လာနိုင်သည့် ရလဒ်များနှင့် ပတ်သက်သည့် တိကျ၍ လက်တွေ့ ဆန်သော သတင်းအချက်အလက်များကို ပေးနိုင်သည့်အတွက် အမျိုးသမီးများအနေဖြင့် ၎င်းတို့ ရွေးချယ်နိုင်သည်များ နှင့်ပတ်သက်၍ သတင်းအချက်အလက်ပြည့်စုံစွာ ရရှိကာ ဆုံးဖြတ်ချက်များကို ချမှတ်နိုင်ရန် အထောက်အကူပြုပါသည်။

လူသားချင်းစာနာထောက်ထားမှု လုပ်ငန်းများ ဆောင်ရွက်ရာတွင် အစောပိုင်းကာလများ၌ အမျိုးသမီးများအား ရဲတပ်ဖွဲ့၊ တရားရုံးကဲ့သို့ တရားရေးကဏ္ဍမှ လုပ်ဆောင်သူများနှင့် ချိတ်ဆက်ပေးရန်မှာ များသောအားဖြင့် မဖြစ်နိုင်ပါ။ အဘယ်ကြောင့်ဆိုသော် အရေးပေါ်အခြေအနေကြောင့် တရားရေးစနစ်များနှင့် ဖွဲ့စည်းတည်ဆောက်ပုံများ ပျက်ပြားသွားသော ကြောင့် ဖြစ်ပါသည်။ အထူးသဖြင့် စခန်းအခြေအနေများတွင် ထိုသို့ဖြစ်နိုင်ခြေ ပိုများပါသည်။ တရားရေးဝန်ဆောင်မှုများကို လက်လှမ်းမီသောနေရာများတွင် ကာကွယ်စောင့်ရှောက်မှုအေဂျင်စီများနှင့် အတူတကွလက်တွဲကာ ပုံစံတကျနှင့် ပုံစံတကျ မဟုတ်သော တရားရေး လုပ်ဆောင်သူများအား ၎င်းတို့၏ တာဝန်ဝတ္တရားများကို ကောင်းမွန်သင့်လျော်စွာ ထမ်းဆောင်နိုင်ရေးအတွက် စွမ်းဆောင်ရည်မြှင့်တင်မှုများကို လုပ်ဆောင်ကောင်း လုပ်ဆောင်ပေးနိုင်ပါသည်။ မည်သည့်အခြေအနေတွင် မဆို ဥပဒေအရ ရင်ဆိုင်လိုခြင်း ရှိ၊ မရှိ အကြမ်းဖက်ခံရသူ၏ ဆုံးဖြတ်ချက်အား လေးစားလိုက်နာပေးရန် အရေးကြီး ပါသည်။

### GBV အကြမ်းဖက်ခံရသူများအား သတင်းအချက်အလက်များ ပြည့်စုံစွာ ရရှိစေခြင်း

GBV အကြမ်းဖက်ခံရသူတစ်ဦးအား ၎င်းအတွက် ရွေးချယ်စရာများ၊ ရရှိနိုင်သော ဝန်ဆောင်မှုများနှင့် ထို ဝန်ဆောင်မှု များကို ရယူအသုံးပြုရာတွင် ဖြစ်ပေါ်လာနိုင်သော နောက်ဆက်တွဲ ကောင်းကျိုးနှင့် ဆိုးကျိုးများ အားလုံးကို ပြည့်ပြည့်စုံစုံ အသိပေးထားသင့်ပါသည်။ အကြမ်းဖက်ခံရမှုတစ်ခုအား ဝန်ဆောင်မှုတစ်ခု သို့မဟုတ် လုပ်ဆောင်သူ တစ်ဦးထံသို့ လွှဲပြောင်းညွှန်းပို့ရာတွင် ဖြစ်ပေါ်လာနိုင်သော နောက်ဆက်တွဲအကျိုးဆက်များကို အကြမ်းဖက်ခံရသူမှ မသိရှိသေးဘဲနှင့် မည်သည့်အခါမျှ ညွှန်းပို့ခြင်းမပြုသင့်ပါ။ သတင်းအချက်အလက်များ ပြည့်စုံစွာ အသိပေးပြီးမှ ရယူသည့် သဘောတူညီချက် လိုအပ်သည်ဟု ဆိုလိုခြင်းဖြစ်ပါသည်။

## စခန်းစီမံခန့်ခွဲမှုအေဂျင်စီအတွက် ဆန်းစစ်ရန် လုပ်ငန်းစာရင်း

- ✔ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် စခန်းတွင်း၌ GBV ဆိုင်ရာ အထူးကျွမ်းကျင်မှုများနှင့် GBV အထူးပြု စီမံကိန်းရေးဆွဲ ဆောင်ရွက်မှုများ ရှိစေရန်အတွက် အသိပေးဆွေးနွေးခြင်း
- ✔ စခန်းစီမံခန့်ခွဲမှုအေဂျင်စီ ဝန်ထမ်းများအား GBV လမ်းညွှန်မူဝါဒများ၊ လွှဲပြောင်းညွှန်းပို့မှုစနစ်များ၊ သင့်တော်သော တားဆီးကာကွယ်ရေးနှင့် ကူညီစောင့်ရှောက်မှုများကို လေ့ကျင့်သင်တန်းပေးခြင်းနှင့် ကျင့်ဝတ်စည်းမျဉ်းများ (code of con- duct) ကို လိုက်နာရန် လက်မှတ်ရေးထိုးစေခြင်း
- ✔ စခန်းပတ်ဝန်းကျင်တွင် အမျိုးသမီးနှင့် မိန်းကလေးများအတွက် အန္တရာယ်ဖြစ်နိုင်ခြေများနှင့် အပြောင်းအလဲများကို သတ်မှတ်ဖော်ထုတ်ရန်အတွက် ပုံမှန်စောင့်ကြည့်စစ်ဆေးနေမှုကို အခြေခံသော GBV စောင့်ကြည့်ကြီးကြပ်မှုများကို ဆောင်ရွက်ခြင်း
- ✔ စခန်းအား ဒီဇိုင်းပုံစံရေးဆွဲနေရာချရာတွင် အမျိုးသမီးများနှင့် တိုင်ပင်ဆွေးနွေးကာ GBV အန္တရာယ်ဖြစ်နိုင်ခြေများကို တတ်နိုင်သမျှ လျော့ပါးသက်သာစေရန် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခြင်း
- ✔ ကျန်းမာရေးစောင့်ရှောက်မှု၊ အကြမ်းဖက်ခံရမှုများကို ကုသစောင့်ရှောက်မှု၊ စိတ်ပိုင်းနှင့် လူမှုရေးဆိုင်ရာ ပံ့ပိုးကူညီမှု များအပါအဝင် လွှဲပြောင်းညွှန်းပို့မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းစွာ ချမှတ်ပေးထားခြင်း

- ✔ ဘေးကင်းလုံခြုံပြီး လျှို့ဝှက်ချက်ထိန်းသိမ်းမှုရှိသော သတင်းပေးပို့မှု လုပ်ငန်းယန္တရားများ ထားရှိခြင်းနှင့် ယင်းတို့အား မည်သို့ အသုံးပြုရမည်ဆိုသည်ကို ရပ်ရွာလူထုများအား အသိပေးထားခြင်း
- ✔ စခန်းသို့မရောက်ရှိမီက GBV အကြမ်းဖက်မှုခံခဲ့ရသူများသည် သင့်တော်သော ကူညီစောင့်ရှောက်မှုများ ရရှိကြောင်း သေချာစေရန် ဆောင်ရွက်ခြင်း
- ✔ ကြိုတင်ကာကွယ်မှုနှင့် ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ရာတွင် ကျားမလူမှုကဏ္ဍများနှင့် အခွင့်အာဏာ ဆက်နွယ်မှုများအပါအဝင် လူထု၏ နောက်ခံအခြေအနေနှင့် ယဉ်ကျေးမှုဓလေ့ထုံးစံများကို ထည့်သွင်းစဉ်းစား ဆောင်ရွက်ခြင်း
- ✔ စခန်း၏ နေ့စဉ်စီမံခန့်ခွဲမှုများနှင့် ကူညီထောက်ပံ့ဝန်ဆောင်မှုများအပေါ် သက်ရောက်စေမည့် ဆုံးဖြတ်ချက်များ ချမှတ် ရာတွင် အမျိုးသမီးများ ပါဝင်စေခြင်းနှင့် GBV ဖြစ်နိုင်ခြေအန္တရာယ်အား အနည်းဆုံးဖြစ်အောင် ကူညီခြင်း
- ✔ GBV ကူညီစောင့်ရှောက်မှုနှင့် ကြိုတင်ကာကွယ်မှုများကို ကဏ္ဍအားလုံး၏ အဆင့်များဖြစ်သော လေ့လာဆန်းစစ်မှု၊ စီမံကိန်းရေးဆွဲမှု၊ အကောင်အထည်ဖော်ဆောင်ရွက်မှု၊ စောင့်ကြည့်ကြီးကြပ်ခြင်းနှင့် ပြန်လည်သုံးသပ်စစ်ဆေးခြင်း တို့တွင် ထည့်သွင်းပေါင်းစပ်ဆောင်ရွက်စေခြင်း
- ✔ GBV အကြမ်းဖက်ခံရသူများ၏ ဘေးကင်းလုံခြုံမှုနှင့် ဂုဏ်သိက္ခာအား အစဉ်အမြဲ ဦးစားပေးဆောင်ရွက်ခြင်း

## အသုံးပြုနိုင်သည့် နည်းလမ်းအထောက်အကူများ

### အသုံးပြုနိုင်သည့် နည်းလမ်းအထောက်အကူများ နှင့် ရည်ညွှန်းစာအုပ်စာတမ်းများ

အောက်တွင် စာရင်းပြုစုဖော်ပြထားသော အသုံးပြုရန် နည်းလမ်းအထောက်အကူများ နှင့် ရည်ညွှန်းစာအုပ်စာတမ်း များ အားလုံးကို အီလက်ထရောနစ်စနစ်ဖြင့် စခန်းစီမံခန့်ခွဲမှုလက်စွဲစာအုပ် ပုံနှိပ်စာအုပ်တိုင်းနှင့်အတူ ပါရှိသည့် USB Memory stick မှ၄င်း၊ www.cmtoolkit.org ဝက်ဘ်ဆိုက်တွင်၄င်း ရရှိနိုင်ပါသည်။

- အဖွဲ့အစည်းပေါင်းစုံ အမြဲတမ်းကော်မတီ (Inter-Agency Standing Committee - IASC), ၂၀၁၂၊ အရေးပေါ် လုပ်ငန်းများတွင် ကျားမ တန်းတူညီမျှမှု ကိစ္စသည် အဘယ်ကြောင့် အရေးကြီးသနည်း (Why Does Gender Equality Matter in Emergency CCCM Interventions?)
- နိုင်ငံတကာကယ်ဆယ်ရေးကော်မတီ (International Rescue Committee - IRC)၊ ၂၀၁၂၊ စခန်းစီမံခန့်ခွဲမှု ဘေးကင်းလုံခြုံရေးဆိုင်ရာ စစ်ဆေးသည့် နည်းလမ်း (Camp Management Safety Audit Tool)
- ၂၀၀၅၊ ထင်းရှာသောနေရာတွင် ကင်းလှည့်ခြင်းအား ဖွဲ့စည်းဆောင်ရွက်ရန်၊ စောင့်ကြည့်စစ်ဆေးရန်နှင့် အားပေး မြှင့်တင်ရန် အကြံပြုထားသော စနစ် (Proposed System for Organising, Monitoring and Promoting Firewood Patrol)
- ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) ၊ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR)၊ IRC၊ ကျားမလူမှုကဏ္ဍကွဲပြားမှုကို အခြေခံသော အကြမ်းဖက်မှုဆိုင်ရာ သတင်းအချက်အလက် စီမံခန့်ခွဲမှုစနစ်
- UNHCR၊ ၂၀၀၃၊ ရွှေ့ပြောင်းနေထိုင်ရသည့်အခြေအနေများတွင် GBV အား ကာကွယ်ခြင်းနှင့် ကူသ စောင့် ရှောက် ပေးခြင်းအတွက် စစ်ဆေးရန် လုပ်ငန်းများ စာရင်း

## ရည်ညွှန်းစာအုပ်စာတမ်းများ


- ကျားမလူမှုကဏ္ဍကွဲပြားမှုကို အခြေခံသော အကြမ်းဖက်မှုဆိုင်ရာ လုပ်ငန်းအုပ်စု၊ ၂၀၁၀၊ လူသားချင်း စာနာ ထောက်ထားမှုအခြေအနေရှိ ကျားမလူမှုကဏ္ဍကွဲပြားမှုကို အခြေခံသော အကြမ်းဖက်မှု ကာကွယ်စောင့်ရှောက် ရေး လုပ်ငန်းများ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရေးလက်စွဲ (Handbook for Coordinating Gender-based Violence Interventions in Humanitarian Settings)
- လူ့အခွင့်အရေးဌာန၊ လိင်မှုဆိုင်ရာ အကြမ်းဖက်မှုအစီအစဉ်၊ ကာလီဖိုးနီးယားတက္ကသိုလ်၊ ဘာကလေ၊ ဥပဒေကျောင်း၊ ၂၀၁၃၊ ဘေးကင်းလုံခြုံသောနေရာ၊ ဘေးကင်းလုံခြုံသော ရိပ်မြုံ၊ ရွှေ့ပြောင်းနေထိုင်ရသူများအား လိင်မှုနှင့် ကျားမလူမှုကဏ္ဍကွဲပြားမှုကို

အခြေခံသော အကြမ်းဖက်မှုများမှ ခိုလှုံရာနေရာ ပေးခြင်း၊ နိုင်းယှဉ် လေ့လာမှုအစီရင်ခံစာ (Safe Haven, Sheltering Displaced Persons from Sexual and Gender-Based Violence, Comparative Report)

- IASC၊ ၂၀၀၅၊ လူသားချင်းစာနာထောက်ထားမှုအခြေအနေတွင် GBV လုပ်ငန်းများ ဆောင်ရွက်မှုအတွက် လမ်းညွှန်များ - အရေးပေါ်အခြေအနေများတွင် လိင်မှုဆိုင်ရာ အကြမ်းဖက်မှုအား တားဆီးကာကွယ်မှုနှင့် ကူညီစောင့်ရှောက်မှုတို့ကို ဦးတည်ဆောင်ရွက်ခြင်း (Interventions in Humanitarian Settings: Focusing on Prevention of and Response to Sexual Violence in Emergencies)
- IASC၊ ၂၀၀၆၊ အမျိုးသမီးများ၊ မိန်းကလေးများ၊ ယောက်ျားလေးများနှင့် အမျိုးသားများ - ကွဲပြားသော လိုအပ် ချက်များနှင့် တန်းတူအခွင့်အလမ်းများ၊ လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းများရှိ ကျားမ တန်းတူညီမျှမှု လက်စွဲစာအုပ် (Women, girls, boys and Men Different Needs Equal Opportunities; Gender Handbook in Humanitarian Action)
- စောလျင်စွာ ပြန်လည်ထူထောင်ရေးဆိုင်ရာ IASC အစုအဖွဲ့လုပ်ငန်းအုပ်စု၊ ၂၀၁၀၊ စောလျင်စွာ ပြန်လည် ထူထောင်ရေးတွင် ကဏ္ဍစုံနှင့်သက်ဆိုင်သော ကိစ္စရပ်တစ်ခုဖြစ်သည့် ကျားမတန်းတူညီမျှနှင့် ပတ်သက်၍ အဓိကသိရှိထားရမည့် အချက်များ (Key Things to Know about Gender Equality as a Cross-Cutting Issue in Early Recovery)
- အရေးပေါ်အခြေအနေများတွင် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ အဖွဲ့အစည်းပေါင်းစုံ လုပ်ငန်းအုပ်စု (Inter-agency Working Group on Reproductive Health in Crises)၊ ၂၀၁၁၊ အရေးပေါ် အခြေအနေများတွင် မဖြစ်မနေဆောင်ရွက်ပေးရမည့် ကနဦးဝန်ဆောင်မှုအစု (The Minimum Initial Service Package (MISP) for Reproductive Health in Crisis Situations)
- UNHCR ၊ ၂၀၀၆ခုနှစ် ဖွန်လ၊ အမျိုးသမီးများနှင့် မိန်းကလေးများအား ကာကွယ်စောင့်ရှောက်ရေး လက်စွဲစာအုပ် (Handbook for the Protection of Women and Girls)
- UNHCR၊ ၂၀၁၁၊ လိင်မှုဆိုင်ရာနှင့် ကျားမလူမှုကဏ္ဍကွဲပြားမှုကို အခြေခံသော အကြမ်းဖက်မှုများကို အရေးယူ ဆောင်ရွက်ခြင်း၊ အသစ်ပြင်ဆင်ဖြည့်စွက်ထားသော မဟာဗျူဟာ (Action against Sexual and Gender-Based Violence: An Updated Strategy)
- အမျိုးသမီးများအတွက် ကုလသမဂ္ဂဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေ (United Nations Development Fund for Women - UNIFEM)၊ ၂၀၀၅၊ လောင်စာပံ့ပိုးပေးခြင်းနှင့် ကျားမလူမှုကဏ္ဍကို အခြေခံသော အကြမ်းဖက်မှု - ကာကွယ်ရေးနည်းဗျူဟာတစ်ခုအဖြစ် လောင်စာလုံလောက်ထိရောက်စွာ သုံးစွဲနိုင်ရန် ဆောင်ရွက်ပေးခြင်း (Fuel Provision and Gender Based Violence: Fuel-Efficiency as a Prevention Strategy)
- ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)၊ ၁၉၉၇၊ အမျိုးသမီးများအား အကြမ်းဖက်မှု - ကျန်းမာရေးဆိုင်ရာ နောက်ဆက် တွဲ ဆိုးကျိုးများ (Violence Against Women: Health Consequences)
- ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)၊ ၂၀၀၄၊ အဓမ္မပြုကျင့်ခံရသူများ ဆေးဘက်ဆိုင်ရာ ကုသစောင့်ရှောက်မှု (Clinical Management of Rape Survivors)
- ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)၊ ၂၀၀၇၊ အရေးပေါ်အခြေအနေရှိ လိင်မှုဆိုင်ရာ အကြမ်းဖက်ခြင်းနှင့် သက်ဆိုင် သော သုတေသနပြုမှုများ၊ မှတ်တမ်းတင်မှုများနှင့် စောင့်ကြည့်လေ့လာမှုများအတွက် ဘေးကင်းလုံခြုံရေးနှင့် ကျင့်ဝတ်စည်းမျဉ်းဆိုင်ရာ အကြံပြုချက်များ (Ethical and Safety Recommendations for Researching, Documenting and Monitoring Sexual Violence in Emergencies)
- ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)၊ ၂၀၁၁၊ စိတ်ပိုင်းနှင့် လူမှုရေးဆိုင်ရာ ရှေးဦးကူညီစောင့်ရှောက်မှု - ကွင်းဆင်း ဝန်ထမ်းများအတွက် လမ်းညွှန် (Psychological First Aid: Guide for Field Workers)